# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# နဝမနေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်
## (၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ သုမင်္ဂလာ အပေါင်းနှင့် ပြည့်စုံတော်မူကြပါစေ။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၄၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၂.၄၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ် များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များအမည်စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး က တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၈ ရက်၊

(၂) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၃ ရက်၊

(၃) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးသန်းဝင်း ခွင့် ၁ ရက်၊

မူကြမ်း

(၄) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိဖုန်ဆားရ် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၅) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၄ ရက်၊

(၆) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၂ ရက်၊

(၇) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၂ ရက်၊

(၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်မြင့် ခွင့် ၁ ရက်၊

(၉) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၄ ရက်၊

(၁၀) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊

(၁၁) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊

(၁၂) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတဲလမ်း ခွင့် ၄ ရက်၊

(၁၃) လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးစောသိန်းအောင် ခွင့် ၄ ရက်၊

(၁၄) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၄ ရက်၊

(၁၅) ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း ခွင့် ၁ ရက်နှင့်

(၁၆) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး ခွင့် ၄ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅၇ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၆ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၇၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကိုလွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ကို စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဆိုက်ခေါင်-ဟိုနမ့်လမ်းပိုင်းမှ ခက်ခဲကြမ်းတမ်းကျဉ်းမြောင်းသော လမ်းပိုင်းနှင့် ပျက်စီးဆိုးရွားလှသည့် တံတား(၃)စင်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အမြန်ဆုံးပြုပြင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခွန်သိန်းဖေ(ဟိုပုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ခင်ဗျား။ ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်နှင့် မောက်မယ်မြို့နယ်ကို ဆက်သွယ်ထားတဲ့ အဓိကလမ်းမကြီးဖြစ်သော ဆိုက်ခေါင်-ဟိုနမ့်လမ်းပိုင်းမှ သွားလာရအလွန်ခက်ခဲသော ကျဉ်းမြောင်းသော လမ်းပိုင်းကို နိုင်ငံတော်မှ အမြန်ဆောင်ရွက်ပေးစေ လိုကြောင်း ပြည်သူများမှ တင်ပြလာပါတယ်။ အဆိုပါလမ်းပိုင်းမှာ ပွန်ချောင်းအနောက်ဘက်ရှိ ပင်ညိုးရွာအနောက်ဘက် ရွှပ်အရပ်မှ ပင်ညိုးရွာအရှေ့ဘက် ၄ပ်၊ ထမ်းဆိုင်းအထိဖြစ်ပါတယ်။ ဒါ့အပြင် ထမ်းဆိုင်းရွာတောင်ဘက် တံတား ၁၇ ပေ မှိုင်းပေါင်လျှိုတံတား ၂၁ ပေ၊ ပွန်ချောင်းအနောက်ဘက်ကမ်း အကွေ့ကြီးမှ တံတား ၁၆ ပေတို့မှာ တည်ဆောက်ရန်နှင့် ပြုပြင်ရန် အထူးလိုအပ်လျက်ရှိသော တံတားများလည်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဆီဆိုင်-မောက်မယ်မြို့နယ်ချင်းဆက်လမ်းပေါ်ရှိ ဆိုက်ခေါင်-ဟိုနမ့်လမ်းပိုင်းမှခက်ခဲသောလမ်းပိုင်းနှင့် တည်ဆောက်ပြုပြင်ရန်လိုအပ်လျက်ရှိသည့် တံတားသုံးစင်းအား နိုင်ငံတော်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမြန်ဆုံးပြုပြင်တည်ဆောက်ပေးရန်နှင့် ဆောင်ရွက်ပေးမည့်အစီအစဉ်နဲ့ပတ်သက်၍ ပြည်သူများမှ သိရှိလိုပါ၍ လွှတ်တော်ဒုတိယဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

## ဖြေကြားချက်

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြား ထားတဲ့ ဧည့်သည်တော်များ အားလုံး သုခမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်း ရင်းနှုတ်ခွန်းဆက် သင်္ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ ဟိုပုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးခွန်သိန်းဖေမှ မေးမြန်းထားတဲ့ ဆိုက်ခေါင်-ဟိုနမ့်လမ်းပိုင်းမှ ခက်ခဲကြမ်းတမ်း ကျဉ်းမြောင်းတဲ့ လမ်းပိုင်းနဲ့ ပျက်စီးဆိုးရွားလှတဲ့ တံတားသုံးစင်းကို နိုင်ငံတော်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာ နှစ်တွင် အမြန်ဆုံးပြုပြင်တည်ဆောက်ပေးရန်နဲ့ ဆောင်ရွက်ပေးမည့် အစီအစဉ်နှင့်စပ်လျဉ်းပြီး သိရှိလို တဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ တင်ပြတဲ့အခါမှာ လမ်းကြောင်းပိုမိုရှင်းလင်း စေရန်အတွက် ကျွန်တော် Power Point နဲ့ တင်ပြမှာဖြစ်ပါတယ်။ ပထမဦးဆုံးကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း)မှာ ဆီဆိုင်မြို့နယ်နဲ့ မောက်မယ်မြို့နယ်ကို ဆက်သွယ်ထားတဲ့ ဆိုက်ခေါင်-ဟိုနမ့်လမ်းပိုင်း ဖြစ်ပါတယ်။ ဒီအပိုင်းကို မေးမြန်းထားခြင်းဖြစ်ပါတယ်။ ဒီလမ်းပိုင်းမှာ ပြန်ကြည့်ရင် ဆိုက်ခေါင်က နေပြီးတော့ ပွန်ချောင်းအထိအပိုင်းဟာ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်အတွင်းမှာတည်ရှိပြီးတော့ ဒီဘက်ကတော့ ပွန်ချောင်းရဲ့ ဒီဘက်အခြမ်းဖြစ်တဲ့အပိုင်း ကတော့ လင်းခေးခရိုင်အတွင်းမှာ တည်ရှိတဲ့ အပိုင်းဖြစ်ပါတယ်။ အဲဒီတော့ ဒီဟာကို ပြန်ကြည့်ရင် ဆိုက်ခေါင်ကနေ ပွန်ချောင်းအထိ ၁၈ မိုင်နဲ့ ၅ ဖာလုံ ရှည်လျားတာဖြစ်ပါတယ်။ ထို့အတူပဲ ပွန်ချောင်းကနေ ဟိုနမ့်အထိဟာ ၁၂ မိုင် ၃ ဖာလုံ ရှည်လျားတာဖြစ်တဲ့အတွက် စုစုပေါင်း ၃၁ မိုင်ရှည်လျားတဲ့လမ်းမကြီးဖြစ်ပါတယ်။ ဒီလမ်းမကြီး နဲ့ပတ်သက်ပြီးတော့ ပြန်လည်ပြီးတော့ သုံးသပ်တဲ့အခါမှာ ၃၁-၃-၂၀၁၅ နေ့ လမ်းရဲ့အခြေအနေကို ပြန်ကြည့်ရင် ပထမအပိုင်းဖြစ်တဲ့ ဆိုက်ခေါင်နဲ့ ပွန်ချောင်းအပိုင်း မှာ ကတ္တရာလမ်း ၅ မိုင်ရှိပါတယ်။ ကျောက်လမ်း ၃ မိုင် ၆ ဖာလုံ ရှိပါတယ်။ အမာခံလမ်းကတော့ အနီနဲ့ပြထားတဲ့ ၉ မိုင် ၇ ဖာလုံရှိတဲ့ အတွက် စုစုပေါင်း ၁၈ မိုင် ၅ ဖာလုံ ရှိတာဖြစ်ပါတယ်။ ထို့အတူပဲ ပွန်ချောင်းကနေ ဟိုနမ့် အပိုင်းမှာ ၁၂ မိုင် ၃ ဖာလုံရှိတဲ့အနက် ကျောက်လမ်းက ၄ မိုင် ၁ ဖာလုံရှိပါတယ်။ အမာခံလမ်းက ၈ မိုင် ၂ ဖာလုံရှိတာဖြစ်ပါတယ်။ ဒီမှာလည်းပဲ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ တံတားသုံးစင်းဟာ

ဒီတံတားတွေဖြစ်ပါတယ်။ ဒါ တံတားသုံးစင်းနဲ့ တည်နေရာတွေဖြစ်ကြောင်းကို ပုံစံနဲ့တင်ပြခြင်းဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့က ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဆိုက်ခေါင်-ပွန်ချောင်း အပိုင်းမှာ ပြည်နယ်ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေ ၁၃၆.၃၄၆ သန်းနဲ့ ကျောက်လမ်းခင်းခြင်း ၁ မိုင်၊ ကျောက်လမ်းပြုပြင်ခြင်း ၆ ဖာလုံ၊ အမာခံလမ်းခင်းခြင်း ၁ မိုင် ဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်ပြီးတော့လည်း ဆိုက်ခေါင်-ပွန်ချောင်းအပိုင်းကို ကျောက်လမ်းခင်းခြင်း ၈ မိုင် ၇ ဖာလုံ၊ ကျောက်လမ်းပြုပြင်ခြင်း ၂ မိုင်၊ ၃၄ ပေအကျယ် တာဘောင်ချဲ့ခြင်း ၇ မိုင် ၅ ဖာလုံ ဆောင်ရွက်ရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်ရန်ပုံငွေ ကျပ် ၅၉၁.၃၇၅ သန်း လျာထားတင်ပြတောင်းခံ ထားပါတယ်။ ထို့အတူပဲ ပွန်းချောင်း-ဟိုနမ့်အပိုင်းကိုလည်း ကတ္တရာလမ်း ၁၂ မိုင် ၃ ဖာလုံခင်းဖို့ အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်ရန်ပုံငွေကျပ် ၂၀၃၂ သန်း လျာထားတင်ပြ ထားတာဖြစ်ပါတယ်။

ဆိုက်ခေါင်-ဟိုနမ့်လမ်းပေါ်မှာရှိတဲ့ ထမ်းဆိုင်းရွာ တောင်ဘက်တံတားနဲ့ မဲ့င်းပေါင်လျိုတံတား တို့အား ၁၀ ပေ x ၃၀ ပေ ကျောက်စီကမ်းကပ်ခုံ သံကူကွန်ကရစ်ကြမ်းခင်းတံတားဖြစ်ပါတယ်။ ဒီတံတားနှစ်ဆင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေကျပ် ၃၇.၅ သန်းနဲ့ ထမ်းဆိုင်းရွာတောင်ဘက်တံတားဟာ ရာခိုင်နှုန်းပြည့်ဆောင်ရွက်ပြီးဖြစ်ပါတယ်။ မဲ့င်းပေါင်လျိုတံတားကို ဆက်လက်တည်ဆောက်ရန်အတွက် ပစ္စည်းများစုဆောင်းထားပြီးတော့ ဒီဘဏ္ဍာရေးနှစ်မှာပဲ အပြီးတည်ဆောက်သွားမှာဖြစ်ပါတယ်။ ကျန်တဲ့တံတားကတော့ ကျွန်တော်တို့ ဒီနှစ်ထဲမှာ ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိပါဘူး။ နောင်နှစ်များမှာ ရန်ပုံငွေ ဆက်လက်တင်ပြ တောင်းခံပြီး ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါနဲ့ပတ်သက်လို့လည်းပဲ လာမယ့် နှစ်မှာ ရန်ပုံငွေကျပ် ၁၂.၅ သန်း တင်ပြတောင်းခံပြီး ကျန်တဲ့တံတားတစ်စင်းကို ဆောင်ရွက်ဖို့ဆိုပြီး တော့ စီမံဆောင်ရွက်ထားတာဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဆိုက်ခေါင်-ပွန်ချောင်းလမ်းပိုင်းနဲ့ ပွန်ချောင်း-ဟိုနမ့်လမ်းအပိုင်းတို့ဟာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ အဆင့်မြှင့်တင်ခြင်း ဆက်လက် ဆောင်ရွက်ပြီးတော့ ဒီလမ်းအပိုင်းမှာရှိတဲ့ တံတားသုံးစင်းအနက် နှစ်စင်းကိုတော့ ဒီဘဏ္ဍာရေးနှစ်မှာ အပြီးဆောင်ရွက်မှာဖြစ်ပြီးတော့ ကျန်တဲ့တစ်စင်းကိုတော့ ရန်ပုံငွေရရှိမှုအပေါ်မှာ မူတည်ပြီးတော့မှ

ဆက်လက်ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရေဝေရေလဲဒေသ စီမံအုပ်ချုပ်မှုလုပ်ငန်းများ ပီပီပြင်ပြင်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ မည်ကဲ့သို့စီမံဆောင်ရွက်လုပ်ကိုင်နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအနေနဲ့ မေးခွန်းတစ်ခုကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်မမေးမယ့် မေးခွန်းကတော့ ရေဝေရေလဲဒေသစီမံအုပ်ချုပ်မှုလုပ်ငန်းများ ပီပီပြင်ပြင်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ မည်ကဲ့သို့ စီမံဆောင်ရွက် လုပ်ကိုင်နေသည်ကို သိလိုခြင်းနှင့်ပတ်သက်၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အဓိကမြစ်ကြီးလေးသွယ်ရှိပါတယ်။ ဧရာဝတီ၊ သံလွင်၊ စစ်တောင်း၊ ချင်းတွင်းတို့ဖြစ်ပြီး အဲဒီမြစ်ကြီးလေးသွယ်ထဲကိုစီးဝင်နေတဲ့ မြစ်လက်တက်တွေရှိပါတယ်။ အဆိုပါ မြစ်ကြီးလေးသွယ်ရဲ့မြစ်လက်တက်များရဲ့ ရေဝေရေလဲဒေသတွေဟာ အများအားဖြင့် သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောနှင့် ထိန်းသိမ်းထားတဲ့ သဘာဝနယ်မြေတွေဖြစ်ပါတယ်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနဟာ အဆိုပါ သစ်တောနယ်မြေများကို ထိန်းသိမ်းစီမံအုပ်ချုပ်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ ယနေ့အထိ ဆည်တာတမံပေါင်း ၃၀၀ ကျော်တည်ဆောက်ထားပါတယ်။ ယင်းဆည်းတာတမံများကို တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်းကို ဆည်မြောင်းဦးစီးဌာနက ဆောင်ရွက်ပါတယ်။ သစ်တောဦးစီးဌာနမှာ ရေဝေရေလဲစီမံအုပ်ချုပ်မှု ဌာနရှိပြီး ဝန်ထမ်းများအား ရေဝေရေလဲထိန်းသိမ်းရေးနှင့် သက်ဆိုင်သော သင်တန်းများပို့ချခြင်း၊ ရေဝေရေလဲဒေသမှာ တည်ထောင်သောစိုက်ခင်းများနှင့် ထိန်းသိမ်းရေး ကိန်းဂဏန်းအချက်အလက်များစုဆောင်းခြင်း၊ တင်ပြခြင်းလုပ်ငန်းများကို ဆောင်ရွက်ပါတယ်။ သစ်တောဦးစီးဌာနဟာ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာရှိတဲ့ သစ်တောကဏ္ဍနှင့်ပတ်သက်တဲ့ စီမံအုပ်ချုပ်မှုထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရတဲ့အတွက်ကြောင့် ရေဝေရေလဲဒေသစီမံအုပ်ချုပ်မှု လုပ်ငန်းများကို ပီပီပြင်ပြင်ဆောင်ရွက်နိုင်ခြင်းမရှိတာကို တွေ့ရပါတယ်။ ဆည်တာတမံများမှာ စုဆောင်းထားရှိတဲ့ရေကို စိုက်ပျိုးရေး၊ ရေအားလျှပ်စစ်ဓာတ်ထုတ်လုပ်ရေး၊ မြို့ပြနှင့် ကျေးလက် ရေပေးဝေရေး၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စတဲ့လုပ်ငန်းများမှာ သုံးစွဲလျက်ရှိတဲ့

အတွက်ကြောင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းရေးဟာ သစ်တောဦးစီးဌာန ရေဝေရေလဲဒေသ စီမံအုပ်ချုပ်မှုဌာနတစ်ခုတည်းရဲ့ လုပ်ငန်းတာဝန်မဟုတ်ဘဲ ယင်းဆည်တာတမံမှရေကို အသုံးပြုတဲ့ ဌာန၊ အဖွဲ့အစည်းများ သုံးစွဲသူများနှင့်လည်း သက်ဆိုင်ပါတယ်။ ရေဝေရေလဲဒေသများ ထိန်းသိမ်းရေးလုပ်ငန်းဟာ အရေးကြီးသောလုပ်ငန်း တစ်ခုဖြစ်တဲ့အတွက်ကြောင့် ယခင်သစ်တောရေးရာဝန်ကြီးဌာနလက်အောက်မှာ သီးခြားရေဝေရေလဲ ထိန်းသိမ်းရေးဦးစီးဌာနကို ဖွဲ့စည်းဆောင်ရွက်ရန်စီစဉ်ခဲ့ကြောင်း သိရပါတယ်။ ၂၀၁၄ ခုနှစ်၊ အမျိုးသားရေးမူဝါဒမှာ ဆည်တာတမံရေအရင်းအမြစ်နှင့် သက်ဆိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုတည်ဆောက်မှုလုပ်ငန်းများပြုလုပ်နေလျှင် ရေဝေရေလဲဒေသမှာ ရေအရင်းအမြစ်များ ရေရှည်ထိန်းသိမ်းရန်အတွက် အဆိုပါရင်းနှီးမြှုပ်နှံမှုများရဲ့ အချိုးတစ်ခုကို သတ်မှတ်သင့်ကြောင်း ဖော်ပြထားတာကို တွေ့ရပါတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ မေးမြန်းလိုတာကတော့ ရေဝေရေလဲဒေသစီမံအုပ်ချုပ်မှုလုပ်ငန်းများ ပိုမိုပြင်ပြင်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ မည်ကဲ့သို့စီမံလုပ်ကိုင်ဆောင်ရွက်နေသည်ကို သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးမြင့်မောင်(ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်ရဲ့မေးခွန်းအပေါ်မှာ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ရေသယံဇာတပေါကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နိုင်ငံအတွင်းမှာ အဓိကမြစ်ကြီး လေးသွယ်၊ မြစ်ငယ် ၃၀၊ သဘာဝရေချိုရေကန်ကြီး၊ ရေကန်ငယ်များစွာနှင့် နိုင်ငံတော်အစိုးရအဆက်ဆက်ကတည်ဆောက်ခဲ့တဲ့ ဆည်/ရေလှောင်တမံ ၂၈၀ ခုနှင့် ရေလွှဲဆည် ၄၉ ခု စုစုပေါင်း ၃၂၉ ခု တည်ရှိပါတယ်။ ရေသယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့စေရေးအတွက် ရေဝေရေလဲဒေသများကို အလေးထား ထိန်းသိမ်းကြရမှာဟာ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးဆွေးနွေးသွားသလိုပါပဲ အားလုံးနှင့် ပါဝင်ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ရေဝေရေလဲဒေသများကို ထိန်းသိမ်း

ခြင်းအားဖြင့် ရေစီးဆင်းမှုကို ထိန်းညှိပေးနိုင်ခြင်း၊ အညစ်အကြေးများသန့်စင်စေခြင်း၊ မြေဆီလွှာတိုက်စားမှုကို ကာကွယ်တားဆီးနိုင်ခြင်းနှင့် သန့်ရှင်းတဲ့ သောက်သုံးရေထာဝစဉ်ရရှိနိုင်ခြင်း စတဲ့ အကျိုးကျေးဇူးများကို ရရှိခံစားနိုင်မှာ ဖြစ်ပါတယ်။

နိုင်ငံတော်အတွင်း အရေးကြီးတဲ့ ရေဝေရေလဲ ဒေသများကို စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်နိုင်ရန်အတွက် ကျွန်တော်တို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေနဲ့ ၁၉၉၅ ခုနှစ်ကစတင်ပြီးတော့မှ ရေဝေရေလဲဒေသအုပ်ချုပ်ရေးဌာနတစ်ခုကို သစ်တောဦးစီးဌာနရဲ့ အောက်မှာ ဖွဲ့စည်းတည်ထောင် ဆောင်ရွက်ခဲ့ပါတယ်။ သစ်တောကဏ္ဍပင်မစီမံကိန်း၊ နှစ် ၃၀ စီမံကိန်းနှင့်အညီ ဆည်နှင့် ရေလှောင်တမံများရဲ့ ရေဝေရေလဲဒေသများကို စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်နိုင်ရန်အတွက် နှစ်အလိုက်လုပ်ငန်းများကိုရေးဆွဲကာ ကျွန်တော်တို့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့ အရေးကြီးဒေသများဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှာရှိတဲ့ အရေးကြီးတဲ့ ဘက်စုံသုံးဆည်နှင့် ရေလှောင်တမံ ခြောက်ခုမှာလည်း ရေဝေရေလဲထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ပဲခူးရိုးမဒေသဟာ ကျွန်တော်တို့နိုင်ငံရဲ့ အဓိကမြစ်ကြီးလေးသွယ်မှာ ပါဝင်တဲ့ ဧရာဝတီမြစ်နှင့် စစ်တောင်းမြစ်တို့ရဲ့ ရေဝေရေလဲဒေသကြီးဖြစ်တဲ့အပြင် ဆည်နှင့်ရေလှောင်တမံ ၇၈ ခုတည်ရှိပြီး အဲဒီဆည်တွေရဲ့ ရေဝေရေလဲဒေသများ အများစုတည်ရှိတဲ့နေရာလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးစီမံကိန်းလုပ်ငန်းများကို ၂၀၀၄ ခုနှစ်မှစတင်ပြီး ငါးနှစ်စီမံချက်များရေးစွဲကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ဒုတိယအကြီးဆုံး ကုန်းတွင်းရေချိုအိုင်ကြီးတစ်ခုဖြစ်တဲ့ အင်းလေးကန်နှင့် အင်းလေးကန်ဒေသအတွင်း ဘဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တည်ငြိမ်မှုရှိစေရန် ရည်ရွယ်ပြီး အင်းလေးကန် ရေဝေရေလဲဒေသအတွင်းမှာရှိတဲ့ တောင်ကြီး၊ ညောင်ရွှေ၊ ရပ်စောက်၊ ကလော၊ ပင်းတယနှင့် ပင်လောင်းမြို့နယ်များမှာ ကျွန်တော်တို့ အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများကို ဒေသခံပြည်သူလူထုအပါအဝင် အစိုးရဌာနများ၊ အစိုးရမဟုတ်တဲ့ လူမှုရေးအခြေခံအဖွဲ့အစည်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းများအားလုံးရဲ့ ပူးပေါင်းဆောင်ရွက်သလို နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

မူကြမ်း

ဆက်လက်၍ ကျွန်တော်တို့နိုင်ငံရဲ့ ရေဝေရေလဲဒေသများစီမံအုပ်ချုပ်မှုနှင့်ပတ်သက်ပြီး အခိကလက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို အကျဉ်းချုပ်တင်ပြလိုပါတယ်။ အဲဒါကတော့ ကျွန်တော်တို့နိုင်ငံရဲ့ မြစ်ဝှမ်းဒေသကြီးများနဲ့ ရေကန်များကို စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်နိုင်ရန် လိုအပ်တဲ့ရေသယံဇာတ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနဲ့ စီမံခန့်ခွဲမှုဆိုင်ရာအခြေခံများတည်ထောင်ရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးစေရန် အတွက် နော်ဝေနိုင်ငံ ရေသုတေသနဌာန(Norwegian Water Research Institute) နဲ့ နယ်သာလန်နိုင်ငံ ရေသယံဇာတအာဏာပိုင်အဖွဲ့ (Dutch Water Authority)တို့နှင့်ပူးပေါင်းပြီးတော့မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

နော်ဝေ-မြန်မာနှစ်နိုင်ငံပတ်ဝန်းကျင်ကဏ္ဍပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ၂၀၁၅-၂၀၁၈ အရ ဘက်စုံရေသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများကို ပဲခူးမြစ်နှင့် စစ်တောင်းမြစ်တို့မှာ ရှေ့ပြေး စီမံကိန်း(Pilot Project)အဖြစ်နဲ့ စမ်းသပ်အကောင်အထည်ဖော်ဆောင်ရွက်ရန် နော်ဝေ ရေသုတေသန၊ ဆည်မြောင်းဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် ပြင်ဆင်နေပြီဖြစ်ပါတယ်။ စီမံကိန်းရဲ့ကနဦးပြင်ဆင်မှုအဖြစ်နဲ့ အကျိုးဆက်စပ်ပတ်သက်သူအားလုံးပါဝင်တဲ့ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပဆောင်ရွက်ခဲ့ပြီး ဘက်စုံရေသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်း အခြေခံဖြစ်တဲ့ မြစ်ဝှမ်းဒေသနယ်နိမိတ်သတ်မှတ်ခြင်း(River Basin Area) အဆင့်တွင် တွေ့ကြုံရတဲ့ ရေသယံဇာတရဲ့ပြဿနာများစာရင်းပြုစုခြင်း၊ ထို့အတူ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီဖွဲ့စည်းခြင်း၊ မြစ်ဝှမ်းဒေသခွဲအဆင့် ပြဿနာများကို ရှာဖွေဆန်းစစ်လေ့လာခြင်း စတဲ့လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ရှေ့ပြေးစီမံကိန်းရလဒ်နှင့် အတွေ့အကြုံများပေါ်မှာ အခြေခံပြီး ဘက်စုံရေသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းအား တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်ပါတယ်။ အဲဒီအချက်ဟာဆိုရင် ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးဆွေးနွေးသွားတဲ့ အကျိုးပါဝင်ပတ်သက်ခံစားသူများအားလုံးဟာ ဒီလုပ်ငန်းတာဝန်တွေကို ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ တစ်နည်းပြောရရင် အမျိုးသားအဆင့်ရေမူဝါဒ(National Water Policy) မှာပါတဲ့ မျှော်မှန်းချက်ကို အကောင်အထည် ဖော်ဆောင်ရွက်နေခြင်းပဲ ဖြစ်ပါတယ်။ ဘက်စုံရေသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းကို နိုင်ငံအဝန်းမှာကျင့်သုံးနိုင်ဖို့အတွက် အခြေခံလိုအပ်ချက်ဖြစ်တဲ့ အမျိုးသားအဆင့် မြေမူဝါဒ(National Land use Policy) အပါအဝင်

ဥပဒေလုပ်ထုံး လုပ်နည်းများမှာလည်း ပြဋ္ဌာန်းဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်တို့ ဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာအစိုးရဌာနများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဖွံ့ဖြိုးပြီးတဲ့နိုင်ငံများမှာ တွေ့ရှိနိုင်သလို ဖွံ့ဖြိုးဆဲနိုင်ငံများမှာလည်း ကျွန်တော်တို့ ရေဝေရေလဲဒေသများဟာ လူဦးရေတိုးတက်လာခြင်းနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းများတိုးချဲ့ခြင်း၊ လူအခြေချနေထိုင်ခြင်း၊ အခြားဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြရာမှာ ရေဝေရေလဲဒေသများကို အတတ်နိုင်ဆုံး ထိခိုက်မှုမရှိစေရန်နှင့် ရေအရည်အသွေးကို တတ်နိုင်သမျှ ထိန်းသိမ်းထားနိုင်ရန် ဆန်းစစ်ဆောင်ရွက်ကြရပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ နိုင်ငံတကာက လက်ခံကျင့်သုံးလျက်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးဆွေးနွေးသွားသလိုပဲ ဘက်စုံရေသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု (Integrated Water Resources Management) နည်းလမ်းကို ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်ဖို့ လိုအပ်လျက်ရှိပါတယ်။ ဘက်စုံရေသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုကို စီးပွားရေးနှင့် လူမှုရေးရာများ ဆောင်ရွက်ရာမှာ အမြင့်ဆုံးအကျိုးရရှိခံစားနိုင်ရေးအတွက် ဂေဟစနစ်များရဲ့ ရေရှည်တည်တံ့ဖွံ့ဖြိုးမှုကို မထိခိုက်စေဘဲ ရေ၊ မြေနှင့် အခြားသက်ဆိုင်ရာအရင်းအမြစ်များကို ဘက်စုံကဏ္ဍစုံမှ စုစည်းစီမံခန့်ခွဲအုပ်ချုပ်ခြင်းဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုထားရှိခဲ့ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ စီမံအုပ်ချုပ်လုပ်ကိုင်လျက်ရှိတဲ့ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများသာမက မြန်မာနိုင်ငံဧရိယာရဲ့ ၈၀ ရာခိုင်နှုန်းကျော်ဟာ ရေဝေရေလဲဒေသများဖြစ်တဲ့အတွက် ရေဝေရေလဲဒေသများ ထိန်းသိမ်းရေးလုပ်ငန်းများကို ကျွန်တော်တို့ဝန်ကြီးဌာနနှင့်အတူ အခြားဆက်စပ်အစိုးရအဖွဲ့ဌာနများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူအစုအဖွဲ့များ၊ ကျွမ်းကျင်သူပညာရှင်များနှင့် အကျိုးဆက်စပ်ပါဝင်ပတ်သက်သူများအားလုံးက ယခုထက်ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ကြမှသာလျှင် ရေဝေရေလဲဒေသထိန်းသိမ်းရေးလုပ်ငန်းများဟာ ပိုမိုပီပီပြင်ပြင်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)။** ။ ကျွန်မအနေနဲ့ တစ်ဆက်တစပ်တည်း မေးခွန်းကို မေးမြန်းခွင့်ပြုဖို့ရန်အတွက် ကျွန်မအနေနဲ့ ပန်ကြားအပ်ပါတယ်။ ဝန်ကြီးအနေနဲ့ ပြည့်ပြည့်စုံစုံဖြေကြားသွားတဲ့အတွက်ကြောင့် ကျွန်မအနေနဲ့ အများကြီးကျေးဇူးတင်ပါတယ်။ သို့သော်လည်းပဲ အခု ပြီးခဲ့တဲ့ သုံး၊ လေးလအတွင်းက ကျွန်မတို့မြန်မာနိုင်ငံအတွင်းမှာ ရေကြီးရေလျှံမှုတွေဟာ အများကြီးဖြစ်ပေါ်ခဲ့

ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ အခု မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ပြည်သူလူထုအားလုံးရော၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းတဲ့ပုဂ္ဂိုလ်တွေ အားလုံးအနေနဲ့ရော ဒီကနေ့ စိုးရိမ်ပူပန်မှုတွေရှိနေတာဟာ ရေဝေရေလဲဒေသတွေကို ကောင်းစွာထိန်းသိမ်းနိုင်မှုမရှိတဲ့အတွက်ကြောင့်မို့လို့ ဒီကနေ့ ရေကြီးရေလျှံမှုတွေဟာ မြန်မာနိုင်ငံအတွင်းမှာ ဖြစ်ပေါ်နေပြီးတဲ့အခါမှာ နောင်မှာလည်း ဆက်လက်ပြီးတော့ ဒီလိုမျိုးအလားသဏ္ဍာန်တူတဲ့ကိစ္စတွေဟာ ဆက်လက်ဖြစ်ပေါ်လာနိုင်သေးတယ်လို့ အားလုံးကလည်း ဒီလိုထင်မြင်ယူဆပြီးတော့ စိုးရိမ်ပူပန်နေတာတွေရှိပါတယ်။ အဲဒါကြောင့်မို့လို့ ရေဝေရေလဲဒေသတွေ ထိန်းသိမ်းရေးဟာ အင်မတန်မှအရေးကြီးတဲ့အတွက်ကြောင့်မို့လို့ ကျွန်မအနေနဲ့ မေးမြန်းလိုတာကတော့ သစ်တောဦးစီးဌာနလိုပဲ ရေဝေရေလဲဦးစီးဌာနကို ဖွင့်ဖို့ရာအတွက် အစီအစဉ်ရှိ/မရှိကိုလည်း သိလိုပါတယ်။ နောက်တစ်ခုက အကယ်၍ ရေဝေရေလဲတွေ ဒေသတွေအတွက်ကိုလည်း အခု ၁၉၉၅ ခုနှစ်ကတည်းကစတင်ပြီးတော့ ရေဝေရေလဲအုပ်ချုပ်ရေးဌာနကို ဖွဲ့ခဲ့တယ်လို့ ပြောပေမယ့် ဒါဟာ ဦးစီးဌာနအနေနဲ့ မဖွဲ့ရသေးတာကို ကျွန်မတို့ တွေ့ရပါတယ်။ အဲဒီတော့ အခု လက်ရှိအနေနဲ့လည်း ရေဝေရေလဲစိုက်ခင်းတွေအတွက် တစ်ဧကကို တစ်နှစ်မှာ ဘတ်ဂျက်ငွေအနေနဲ့ ဘယ်လောက်သုံးပြီးတော့ ထိန်းသိမ်းစောင့်ရှောက်နေသလဲဆိုတာကို ကျွန်မတို့ သိလိုပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ကျွန်မ ထပ်ဆင့်မေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ဖြေကြားဖြေရှင်းလင်းလိုက ဖြေရှင်းပေးနိုင်ပါတယ်။

**ဦးအေးမြင့်မောင်(ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန)။** ။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားတဲ့ ပထမအချက် ကျွန်တော် တင်ပြလိုပါတယ်။ အဲဒါတော့ အခုနက ရေဝေရေလဲ သီးခြားဦးစီးဌာနတစ်ခုအနေနဲ့ လက်ရှိဖွဲ့စည်းတည်ထောင်ရန် အစီအစဉ်မရှိသေးပါကြောင်း တင်ပြလိုပါတယ်။ အဓိကအားဖြင့် ကျွန်တော်တို့က ရေဝေရေလဲကဏ္ဍနဲ့ပတ်သက်လို့ရှိရင် ကျွန်တော်တို့ အမျိုးသားရေမူဝါဒကောင်စီကနေပြီး တော့မှ ဒါကို တာဝန်ယူပြီးတော့မှ အားလုံးကို Integrated Function အဖြစ်နဲ့ All Inclusive ဖြစ်အောင် စီမံဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိတော့ အခြေအနေမှာ တည်ထောင်ရန် အစီအစဉ်မရှိပါကြောင်း တင်ပြလိုပါတယ်။ နောက်တစ်ခုကတော့ ရေဝေရေလဲစိုက်ခင်းများဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း ကျွန်တော်တို့က ရေဝေရေလဲစိုက်ခင်းရဲ့ သဘောသဘာဝ ကျွန်တော် အနည်းငယ်တင်ပြလိုပါတယ်။ ဒါက သာမန်စိုက်ခင်းနဲ့မတူပါဘူး။ ရေဝေရေလဲစိုက်ခင်းဟာ အဓိက

အားဖြင့် ကျန်တဲ့စိုက်ခင်းတွေလို မြေကိုအပြောင်ရှင်းလို့မရဘဲနဲ့ သဘာဝတောကျန်တွေကို လိုအပ်တဲ့ နေရာမှာ ရှင်းလင်းပြီးတော့မှ Gap Plantation ခေါ်တဲ့ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်းစနစ်ကို သွားတာ ဖြစ်ပါတယ်။ အဲဒီဟာကလည်း ဘာနဲ့ဆိုင်လဲဆိုတော့ ခုနက ကျွန်တော်တို့ရဲ့ ရေဝေရေလဲတည်ရှိမှု၊ အဲဒီရေဝေရေလဲဒေသမှာရှိတဲ့ သစ်တောသယံဇာတတွေရဲ့ သစ်တောဖုံးလွှမ်းမှုနှင့်ပါဝင်မှု ဒီသယံဇာတ အချက်အလက်တွေပေါ်မှာ အခြေခံပြီးတော့မှ ဒီစိုက်ခင်းတွေထူထောင်ခြင်း ဖြစ်ပါတယ်။ Norm နဲ့ ပတ်သက်လို့ကတော့ လက်ရှိ ကျွန်တော်တို့က နှစ်စဉ် သက်ဆိုင်ရာနယ်မြေဒေသမှာပေါက်တဲ့ ဒေသ ပေါက်ဈေးတွေကို တွက်ချက်ပြီးတော့မှ ကျွန်တော်တို့ ဌာနအနေနဲ့ ဒီအပေါ်မှာ အနီးစပ်ဆုံးတွက်ချက် ကာ အစိုးရအဖွဲ့မှတစ်ဆင့် လွှတ်တော်ကိုတင်ပြပြီး ဆောင်ရွက်နေတာရှိပါတယ်။ တစ်နည်းအားဖြင့် တင်ပြရရင် ကျွန်တော်တို့က အပူပိုင်းဒေသမှာရှိတဲ့ စိုက်ခင်းများနဲ့ သာမန်စိုက်ခင်းများ မတူပါဘူး။ အဲဒီနှစ်ခုကိုခွဲခြားပြီးတော့မှ ကျွန်တော်တို့က Norm တွေဖွဲ့ပြီးတော့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ကျွန်တော် အကျဉ်းချုပ် ဒါကို Grounel Figure သဘောနဲ့ပြောမယ်ဆိုရင် တော့ ၁၅၀၀၀၀ နဲ့ ၂၀၀၀၀၀ ကြားထဲမှာပဲ ကျွန်တော်တို့ တကယ်သုံးခွင့်ရှိပါတယ်။ ဒါက ၁၅၀၀၀၀ နဲ့ ၂၀၀၀၀၀ ဆိုတဲ့နေရာမှာ စိုက်ခင်းလုပ်ငန်းတွေ၊ လုပ်ငန်းစဉ်တွေရှိပါတယ်။ အဲဒီလုပ်ငန်းစဉ်တွေပေါ်မှာ ကျွန်တော်တို့က သုံးတာဖြစ်ပါတယ်။ ဒီဘက်က ဌာနက ပံ့ပိုးတဲ့ ပလပ်စတစ်အိတ်ကအစ၊ သစ်တော စိုက်ခင်းထူထောင်တဲ့နေရာမှာ လိုအပ်တဲ့ပစ္စည်း၊ အထောက်အပံ့ငွေ ဒီထဲမှာ ထည့်တွက်တာမရှိပါဘူး။ ထို့အတူပဲ ဝန်ထမ်းတွေရဲ့ လုပ်အားခ၊ ဝန်ထမ်းတွေပါဝင်တဲ့ ငွေကြေးသုံးစွဲမှုကို ကျွန်တော်တို့ မတွက် ပါဘူး။ ဒါကြောင့်မို့လို့ အပြင်မှာတကယ်တော့ စိုက်ပျိုးရေးတစ်ခုထူထောင်ရင် ၃၀၀၀၀၀ နှင့် ၄၀၀၀၀၀ ကြား ကုန်ပါတယ်။ ဒါက ပုဂ္ဂလိက ကျွန်းစိုက်ခင်းထူထောင်တဲ့ ပုဂ္ဂိုလ်များလည်း သိပါတယ်။ သို့သော် ရေဝေရေလဲစိုက်ခင်းကတော့ ခုနကလို Gap Plantation သွားတာဖြစ်တဲ့အတွက် ဒီလိုအပြည့်စိုက်ရတာမဟုတ်ဘဲနဲ့ သစ်တောသယံဇာတတည်ရှိမှုအပေါ်မှာပဲ အကောင်အထည်ဖော် ဆောင်ရွက်တာဖြစ်တဲ့အတွက် ခုနက ကျွန်တော် ရှင်းလင်းတင်ပြတာလေးအပေါ်မှာ လိုက်လျော ညီထွေဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့ သက်ဆိုင်ရာ ပြည်ထောင်စု ဒုတိယဝန်ကြီး များကိုလည်း ကျေးဇူးတင်ပါတယ်။ တကယ်တော့ ကိစ္စတစ်ခုဟာ မေးခွန်းမေးလိုက်လို့ရှိရင် လုပ်ပေး နိုင်တယ်/မလုပ်ပေးနိုင်ဘူး၊ ဖြစ်တယ်/မဖြစ်ဘူး၊ ရှိ/မရှိဘူး အတိုဆုံးဖြေလိုက်ရင်ရပါတယ်။ နားလည် တဲ့လူအနေနဲ့တော့ပြောရရင်တော့ နားလည်သွားနိုင်ပေမယ့် သာမန်အားဖြင့် နားမလည်နိုင်တဲ့ကိစ္စ

လည်းရှိပါတယ်။ အလုပ်တစ်ခုဆောင်ရွက်တဲ့နေရာမှာ အသိပညာတစ်ခုတည်းနဲ့မရပါဘူး။ အတတ်ပညာလည်းပါပါတယ်။ နှစ်ခုစလုံးပေါင်းစပ်ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ပြောရရင်တော့ သာမန်ကိစ္စတွေမဟုတ်ဘဲနဲ့ အခုလိုသိလိုတဲ့ကိစ္စမှန်သမျှကို နည်းပညာပါအပါအဝင် ရှင်းလင်းတင်ပြပေးနိုင်ရင် ကျွန်တော်တို့ ကိုယ်စားလှယ်များသာမက လွှတ်တော်ကြီးကို စိတ်ဝင်တစားနဲ့ နားထောင်နေတဲ့ ပြည်သူများပါ ဘာကြောင့်လဲဆိုတဲ့အဓိပ္ပာယ်ပါ ရရှိနိုင်တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုလိုမျိုး ပြည့်ပြည့်စုံစုံ ဖြေကြားပေးတာလည်း ကျွန်တော်ကျေးဇူးတင်ပါတယ်။ နောင်လည်းပဲ ကြိုးစားပြီး ဖြေဆိုစေချင်ပါတယ်။ သို့သော်လည်း ခုနကပြောသလို အခြေအနေအတိုင်းအတာအရ နည်းပညာတစ်ခုကို ဖြေရှင်းမယ်ဆိုရင် သိပ်ကြာနိုင်တဲ့အနေအထား ရှိပါတယ်။ ဒီလောက်ထိ ဖြေရှင်းဖို့မဟုတ်ပါဘူး။ သို့သော်လည်း အကျဉ်းချုပ်အနေနဲ့ပေါ့နော် ဘာကြောင့်၊ ဘာကြောင့်ဆိုတဲ့ အကြောင်းလေးကိုပါ ထည့်ပြီးတော့ ရှင်းပြပေးနိုင်တယ်ဆိုရင် အကုန်လုံး ကိုယ်စားလှယ်ကြီးများရော၊ ပြည်သူများပါ နားလည်နိုင်မှာဖြစ်တဲ့အတွက် အကျိုးကျေးဇူးရှိနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ရှင်းလင်းဖြေကြားပေးတဲ့ သက်ဆိုင်ရာဌာနများကိုလည်း ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါတယ်ခင်ဗျား။

**ထောက်ကြန့်မြို့အဝင် မြနန္ဒာပန်းခြံအား အဆင့်မြှင့်ဆောင်ရွက်ပေးရန်နှင့် မြနန္ဒာပန်းခြံရှေ့မျက်နှာစာ (၆၀၀x၁၀၀)ပေအား ပြည်သူများ နေ့စဉ်ကျန်းမာရေး လေ့ကျင့်ခန်းပြုလုပ်နိုင်ရန်အတွက် ကွန်ကရစ်ခင်း လေ့ကျင့်ရေးကွင်း ပြုလုပ်ပေးရန်အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့အဝင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးရဲ့ မိုင်တိုင်အမှတ်(၁/၀)မှာ လေးဧကအကျယ်ရှိတဲ့ မြနန္ဒာပန်းခြံ ရှိပါတယ်။ အဲ့ဒီပန်းခြံရဲ့ မျက်နှာစာမှာ ပေ (၆၀၀x၁၀၀) ကျယ်ဝန်းသောမြေကွက်လပ်လည်းရှိပါတယ်။ ပြည်သူများဟာ ကျန်းမာရေးအတွက် လေ့ကျင့်ခန်းများကို နေ့စဉ်နှင့်အမျှ ဆောင်ရွက်နေပါတယ်။

အဲ့လို ဆောင်ရွက်တဲ့နေရာမှာ အမှတ်(၁) လမ်းမကြီးဘေးမှာ ပြုလုပ်နေရတဲ့အတွက်ကြောင့်မို့လို့ ယာဉ်အန္တရာယ်တွေ အင်မတန်မှ စိုးရိမ်ရပါတယ်။ အဲလို စိုးရိမ်ရတဲ့အတွက်ကြောင့်မို့လို့ ပြည်သူများ စိတ်ချမ်းသာစွာ လေ့ကျင့်ခန်းများ လုပ်နိုင်ရေးအတွက် မြနန္ဒာပန်းခြံအား အဆင့်မြှင့်ဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ/မရှိ။ အဲဒီမြနန္ဒာပန်းခြံရဲ့အရှေ့ဘက် အရှေ့မျက်နှာစာ ပေ(၆၀၀x၁၀၀)မှာ ပြည်သူများနေ့စဉ်ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်ရန်အတွက် ကွန်ကရစ်ခင်းကျန်းမာရေး လေ့ကျင့်ကွင်းတစ်ခု ပြုလုပ်ပေးရန်အစီအစဉ်ရှိ/မရှိကို ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန-၁ မှ၊ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း၏ မေးခွန်းနှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရဲ့ကိုယ်စား လေးစားစွာဖြင့် ဖြေကြားသွားမှာဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဒုတိယဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနဟာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းမှာ ပန်းခြံပေါင်း ၆၃ ခြံအား ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ ပန်းခြံများအနက် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့အဝင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၁/၀)တွင်ရှိသော မြနန္ဒာပန်းခြံသည် တစ်ခုအပါအဝင်ဖြစ်ပါတယ်။ မေးခွန်း(၁)နှင့်မေးခွန်း(၃)ပါ မေးမြန်းချက်နှင့် ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းဌာနသည် ပန်းခြံများ အဆင့်မြှင့်တင်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်း၊ ထိန်းသိမ်းခြင်းများကို ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်လျက်ရှိပြီး လက်ရှိအချိန်အထိ ပန်းခြံ ၂၂ ခြံအား အဆင့်မြှင့်တင်ခြင်း၊ ပန်းခြံ၂၃ ခြံအား မွမ်းမံပြင်ဆင်

ခြင်းများ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ အထက်ပါမြနန္ဒာပန်းခြံကိုလည်း လာမည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မွမ်းမံပြင်ဆင်ရန်အတွက် လျာထားသတ်မှတ်ထားပြီး ဖြစ်ပါတယ်။

မေးခွန်း (၂) မေးမြန်းချက်နှင့်ပတ်သက်၍ မြနန္ဒာပန်းခြံရှေ့မျက်နှာစာရှိ (၆၀၀ ပေx ၁၀၀ ပေ) အကျယ် မြေကွက်လပ်သည် ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာနမှ ကြီးကြပ်ထိန်းသိမ်းသော မြေနေရာမဟုတ်သည့်အတွက် ကျန်းမာရေးလေ့ကျင့်ရေးကွင်း ပြုလုပ်ပေး၍မရပါကြောင်းနှင့် ဆောင်ရွက်ရန်အစီအစဉ်မရှိပါကြောင်း ပြန်ကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

## ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်ပါမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီက အစီရင်ခံစာကိုတင်ပြရန်ဖြစ်တဲ့အတွက် အစီရင်ခံစာတင်ပြဖို့အတွက် ဖိတ်ခေါ်ပါတယ်။

**ဦးဌေးဝင်း(အတွင်းရေးမှူး၊ တောင်သူလယ်သမား၊အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့်လူငယ်ရေးရာကော်မတီ၏ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး လယ်ဝေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဌေးဝင်းက ကော်မတီ၏ကိုယ်စား တင်သွင်းသွားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးများထံ အစီရင်ခံစာများ ဖြန့်ဝေပြီးဖြစ်တဲ့အတွက် အစီရင်ခံစာကောက်နှုတ်ချက်အကျဉ်းကိုသာ တင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဟာ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄ နှင့် ၂၇ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ တောင်သူလယ်သမား၊ အလုပ်သမားနှင့်လူငယ်ရေးရာကော်မတီ

မူကြမ်း

ကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်(၁၅)ဦးတို့ဖြင့် ၅-၉-၂၀၁၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၁)ဖြင့် စတင်ဖွဲ့စည်းခဲ့ပါတယ်။ ကော်မတီကို ပါတီအသီးသီး၊ ဒေသအသီးသီးမှ တိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားပါတယ်။ ဥပဒေရေးရာကိစ္စရပ်များဆောင်ရွက်ရာ၌ ပိုမိုထိရောက်မြန်ဆန်မှုရှိစေရန်အတွက် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်နှစ်ဦးကို ကော်မတီတွင် တွဲဖက်တာဝန်ပေးအပ်ခဲ့ပါတယ်။ ဒါ့အပြင် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ငါးဦးကိုလည်း ကော်မတီမှာ လေ့လာသူများအဖြစ် တာဝန်ပေးအပ်ခဲ့ပါတယ်။ အမည်စာရင်းများကိုတော့ အစီရင်ခံစာမှာ ဖော်ပြထားပြီးဖြစ်ပါတယ်။ ကော်မတီဟာ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်ပါတယ်။ ကော်မတီရဲ့သက်တမ်း၊ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ကော်မတီဝင်များရဲ့ရပိုင်ခွင့်နှင့် အခွင့်အရေးများကတော့ ပြည်သူ့လွှတ်တော်က သတ်မှတ်ပေးထားတဲ့အတိုင်းဖြစ်ပြီး အစီရင်ခံစာမှာ အသေးစိတ်ဖော်ပြထားပြီးဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကော်မတီစတင်ဖွဲ့စည်းပြီးသည့်အချိန်မှစ၍ နိုင်ငံတစ်ဝှမ်းလုံးရှိ လယ်ယာမြေသိမ်းဆည်းခံရသော တောင်သူလယ်သမားများမှာ ၎င်းတို့ရဲ့နစ်နာမှုများကို ကူညီဖြေရှင်းပေးနိုင်ရန်အတွက် ကော်မတီသို့ တင်ပြတိုင်ကြားလာကြပါတယ်။ အဆိုပါ တင်ပြတိုင်ကြားချက်များကို ကော်မတီမှ အရေးယူဖြေရှင်းပေးနိုင်ရန် ဆောင်ရွက်ခဲ့ပါတယ်။ သို့ရာတွင် မြေသိမ်းဆည်းခံရမှု ဖြစ်စဉ်၊ ဖြစ်ရပ်များဟာ တစ်နိုင်ငံလုံး နိုင်ငံနှင့်အဝှမ်း ကျယ်ပြန့်စွာဖြစ်ပေါ်နေတဲ့အတွက် နိုင်ငံတော်အစိုးရအဖွဲ့မှ ဖြေရှင်းဆောင်ရွက်ပေးမှသာ ပြီးပြတ်နိုင်မယ့်ကိစ္စများဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့်လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွတ်က လယ်ယာမြေသိမ်းဆည်းခံရခြင်းအား စုံစမ်းလေ့လာဖော်ထုတ်ပြီး တောင်သူလယ်သမားများ နစ်နာမှုမရှိစေရေး တရားမျှတစွာဖြေရှင်းဆောင်ရွက်ပေးရန် အဆိုတစ်ရပ်ကို ၄-၇-၂၀၁၂ ရက်နေ့မှာ ကျင်းပတဲ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးသို့ တင်သွင်းခဲ့ပါတယ်။ ယင်းအဆိုကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၄၆ ဦးတို့က ထောက်ခံဆွေးနွေးခဲ့ကြပါတယ်။ ပြည်ထောင်စုအစိုးရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီးက အဆိုကို မှတ်တမ်းတင်ထားရှိသင့်ကြောင်း ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့သည့်အတွက် လွှတ်တော်မှာ မဲခွဲဆုံးဖြတ်ခဲ့တဲ့အတွက် ထောက်ခံမဲ ၃၉၅ မဲ၊ ကန့်ကွက်မဲ ၁၇၆ မဲ၊

ကြားနေမဲ ၂၄ မဲရရှိသဖြင့် ထောက်ခံဆန္ဒမဲများသည့်အတွက် အဆိုမှာ အတည်ဖြစ်ခဲ့ပါတယ်။ ယင်းအဆိုအတည်ဖြစ်ခဲ့တဲ့အတွက် ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော် ဆိုင်ရာနည်းဥပဒေခွဲ(ပ)နှင့်အညီ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမ အကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ ဆုံးဖြတ်ချက်အရ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့ နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၅၂/၂၀၁၂)ဖြင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေး ကော်မရှင်ကို ဥက္ကဋ္ဌအပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင် ၆၀ ဦးဖြင့် စတင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။

စုံစမ်းရေးကော်မရှင်ဟာ တိုင်ကြားစာများမှာပါဝင်တဲ့ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာ အဖွဲ့ခွဲ(၉)ဖွဲ့ခွဲပြီး ကွင်းဆင်းစုံစမ်းမှုများ၊ စိစစ်မှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါတယ်။ သို့ရာတွင် စုံစမ်း ရေးကော်မရှင်ဟာ အဖွဲ့ဝင်အင်အားနည်းပါးပြီး လုပ်ငန်းဆောင်ရွက်မှုမှာ လုံလောက်မှုမရှိပါသဖြင့် ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြပြီး အဖွဲ့ဝင်အင်အား ၁၆ ဦး ထပ်မံတိုးချဲ့ဖွဲ့စည်းလို့ စုစုပေါင်းအင်အား ၇၆ ဦးနဲ့ အဖွဲ့ခွဲ(၁၁)ဖွဲ့ ဖွဲ့စည်းပြီးတော့ စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့ပါတယ်။ ကော်မရှင်စတင်ဖွဲ့စည်းချိန်မှာ ကော်မရှင်အတွက် ရုံးလုပ်ငန်းများဆောင်ရွက်ရန် ပြည်ထောင်စု လွှတ်တော်မှ သီးခြားဝန်ထမ်းများခန့်အပ်၍ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်း မရှိတဲ့အတွက် ပြည်သူ့ လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ ဝန်ထမ်းများဖြင့်သာ ကော်မရှင်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရပါတယ်။ ကော်မတီဝန်ထမ်းများဟာ ကော်မရှင်သို့ရောက် ရှိလာတဲ့ တိုင်ကြားစာများကို မှတ်ပုံတင်ခြင်း၊ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အဖွဲ့ခွဲများသို့ စိစစ်၍ ကွင်းဆင်းဆောင်ရွက်နိုင်ရန်အတွက် လွှဲပြောင်းပေးခြင်း၊ အဖွဲ့ခွဲများမှ စုံစမ်းစိစစ်၍ ပြန်လည်တင်ပြလာသော ကွင်းဆင်းဆောင်ရွက်မှု အစီရင်ခံစာများအား စုစည်း၍ ကော်မရှင်၏ အစီရင်ခံစာများနှင့် အဆိုများပြုစုပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြနိုင်ရန် ဆောင်ရွက်ပေးရခြင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တိုက်ရိုက်ပတ်သက်သည့် အမှုကိစ္စများကိုစိစစ်၍ ကာကွယ်ရေး ဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် ပေးပို့နိုင်ရန် ဆောင်ရွက်ပေးရခြင်း၊ ကော်မရှင်ညှိနှိုင်းအစည်းအဝေးများ ဆောင်ရွက်နိုင်ရန် စီစဉ်ပေးရခြင်းတို့ကို ကော်မတီဝန်ထမ်း ၅ ဦးဖြင့်သာ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြရပါတယ်။ ကော်မရှင်ရဲ့ အစီရင်ခံစာများကို တော့ တပ်မတော်မှ တပ်ရင်း၊ တပ်ဖွဲ့များ တိုးချဲ့တည်ဆောက်ခြင်းအတွက် မြေယာသိမ်းဆည်းခြင်းကိစ္စ

များနှင့်ပတ်သက်တဲ့ကိစ္စကို အစီရင်ခံစာအပိုင်း(၁)ဖြင့်လည်းကောင်း၊ မြို့ပြများတိုးချဲ့တည်ဆောက်ရေးနှင့် စက်မှုဇုန်များတည်ဆောက်ရေးအတွက် သိမ်းဆည်းခြင်းကိစ္စရပ်များနှင့်ပတ်သက်၍ အစီရင်ခံစာ အပိုင်း(၂)တွင်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီမံကိန်းများဆောင်ရွက်ရန် ပုဂ္ဂလိကကုမ္ပဏီများသို့ မြေနေရာချထားပေးခြင်းကြောင့် လယ်ယာမြေများပါသွားခြင်း၊ နိုင်ငံတော်စီမံကိန်းများအတွက် သိမ်းဆည်းခြင်းကိစ္စရပ်များနှင့်ပတ်သက်၍ အစီရင်ခံစာ အပိုင်း(၃)ဖြင့်လည်းကောင်း၊ အခြားမြေများ သိမ်းဆည်းမှုကိစ္စရပ်များနှင့်ပတ်သက်၍ အစီရင်ခံစာ အပိုင်း(၄)ဖြင့်လည်းကောင်း၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်များအပေါ် ဖြေရှင်းဆောင်ရွက်ပေးမှုအခြေအနေ လေ့လာတွေ့ရှိချက်အစီရင်ခံစာကိုလည်းကောင်း၊ ကော်မရှင်၏ အစီရင်ခံစာ စုစုပေါင်း (၅)ကြိမ် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုနိုင်ခဲ့ပြီးဖြစ်ပါတယ်။

ထို့အပြင် ကာကွယ်ရေးဝန်ကြီးဌာနသို့ တိုင်ကြားစာပေါင်း ၂၉၉၉ စောင်ကိုလည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တိုင်ကြားစာပေါင်း ၇၆၃၈ စောင်ကိုလည်းကောင်း စုစုပေါင်း တိုင်ကြားစာ ၁၀၆၃၇ စောင်ကို ကော်မတီအနေနဲ့ လွှဲပြောင်းပေးနိုင်ခဲ့ပါတယ်။ အဆိုပါတိုင်ကြားစာများ လွှဲပြောင်းပေးပို့ခြင်းနှင့် ကော်မရှင်၏အစီရင်ခံစာများတင်ပြအတည်ပြုပြီးမှသာ ၂၉-၉-၂၀၁၄ ရက်နေ့မှစ၍ ကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်မှဝန်ထမ်းများနှင့် သီးခြားဖွဲ့စည်းတာဝန်ပေးအပ်ခဲ့တဲ့အတွက် ရုံးလုပ်ငန်းများအား ကော်မတီမှလွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ကော်မရှင်ရဲ့ဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး အစီရင်ခံစာများမှာ ပြည့်ပြည့်စုံစုံဖော်ပြပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ကော်မတီဟာ ကော်မရှင်အစည်းအဝေးများ ဦးဆောင်ကျင်းပနိုင်ခဲ့ပြီး ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကိုတော့ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ စုစုပေါင်း(၁၂)ကြိမ် ကျင်းပနိုင်ခဲ့ပါတယ်။ ကော်မတီဟာ ပြည်သူ့လွှတ်တော်ရဲ့တာဝန်ပေးချက်အရ သမဝါယမဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ဖြည့်စွက်ခွင့်ပြုငွေတင်ပြချက်များအား လွှတ်တော်သို့ စိစစ်တင်ပြခြင်း၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ အမျိုးသားစီမံကိန်း ဥပဒေကြမ်းများ၊ ရသုံးခန့်မှန်းခြေငွေစာရင်းများနှင့် ဖြည့်စွက်တောင်းခံငွေတင်ပြချက်များအား ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်စ၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ စိစစ်တင်ပြခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ကော်မတီဟာ တောင်သူ

လယ်သမားများရဲ့ အကျိုးစီးပွားနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကျိုးရှိမည့်အဆိုများတင်သွင်းခြင်း၊ မေးခွန်းများမေးမြန်းခြင်း၊ လယ်ယာမြေဥပဒေ၊ မြေလွတ်မြေလပ်မြေရိုင်းဥပဒေ၊ တောင်သူလယ်သမားများ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေများ ရေးဆွဲပြဋ္ဌာန်းရာတွင် ဝင်ရောက်ဆွေးနွေးခြင်း၊ ဥပဒေကြမ်းကော်မတီနှင့် ညှိနှိုင်းဆွေးနွေးပွဲများတွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များမှ တက်ရောက်ဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြပါတယ်။ ကော်မတီဟာ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော်၏ တာဝန်ခွဲဝေသတ်မှတ်ပေးချက်အရ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ကိုင်တွယ်ကျင့်သုံးနေသော ဥပဒေများကို လေ့လာသုံးသပ်ပြီး ခေတ်စနစ်နှင့်မကိုက်ညီတဲ့ ဥပဒေများအား ပယ်ဖျက်ခြင်း၊ ပြင်ဆင်ရေးဆွဲခြင်း၊ ခေတ်စနစ်အရ လိုအပ်တဲ့ဥပဒေများကို အသစ်ပြဋ္ဌာန်းခြင်းများအား သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ကော်မတီကစိစစ်ရန် ဝန်ကြီးဌာနမှ ကိုင်တွယ်ကျင့်သုံးနေတဲ့ ဥပဒေ ၁၆ ခုနှင့် အသစ်ရေးဆွဲနေတဲ့ ဥပဒေ ၂ ခုရှိပါတယ်။ လက်ရှိအခြေအနေအရတော့ အတည်ပြုပြဋ္ဌာန်းပြီးဥပဒေ ၆ ခု၊ ပြင်ဆင်ရေးဆွဲနေတဲ့ဥပဒေ ၄ ခု၊ ရုပ်သိမ်းပြီး အသစ်ရေးဆွဲနေတဲ့ ဥပဒေ ၆ ခု ရှိပါတယ်။ ထပ်မံအသစ်ရေးဆွဲတဲ့ဥပဒေအသစ်က ၂ ခုဖြစ်ပါတယ်။

ကော်မတီအနေနဲ့ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ဆက်စပ်ဆောင်ရွက်နိုင်တဲ့ကိစ္စရပ်များကို ဆက်လက်တင်ပြသွားပါမယ်။ ကော်မတီဟာ လွှတ်တော်ဥက္ကဋ္ဌရဲ့ခွင့်ပြုချက်နဲ့ ကော်မတီဥက္ကဋ္ဌနှင့် ဂျပန်နိုင်ငံ TOSHIBA CORPORATION မှတာဝန်ရှိသူများ၊ ဧည့်သည်တော်များနှင့် ၂၀၁၄ ခုနှစ်၊ မေလ ၁၆ ရက်နေ့မှာ ကော်မတီရုံးခန်းမှာတွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်စိတ်တစ်ပိုင်းဖြစ်သော လျှပ်စစ်ကဏ္ဍနှင့် ရန်ကုန်မြို့တော်အတွင်း မြေအောက်ရထားလမ်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးနိုင်ခဲ့ကြပါတယ်။ နိုင်ငံတကာခရီးစဉ်များသွားရောက်ခဲ့မှုအခြေအနေကတော့ ကော်မတီဝင် ၆ ဦးဟာ အိန္ဒိယ၊ ထိုင်း၊ တရုတ်၊ အမေရိကန်၊ လာအိုနိုင်ငံများသို့ လေ့လာရေးခရီးစဉ်အဖြစ်လည်းကောင်း၊ ချစ်ကြည်ရေးခရီးစဉ်အဖြစ်လည်းကောင်း၊ သင်တန်းတက်ရောက်ပညာသင်ကြားခြင်း ခရီးစဉ်အဖြစ်လည်းကောင်း၊ ညီလာခံတက်ရောက်ခြင်း ခရီးစဉ်အဖြစ်လည်းကောင်း သွားရောက်နိုင်ခဲ့ကြပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီဝင်များအနေဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်တာနှင့်အညီ အမြော်အမြင်ရှိမှု၊ ယဉ်ကျေး

ဖော်ရွေမှု၊ သည်းခံစိတ်ရှည်မှု၊ စာနာမှုများဖြင့် ပြည်သူများ၏ အကျိုးစီးပွားရှိမည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါတယ်။ ကော်မတီဝင်များဟာ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်တို့၏အကျိုး စီးပွားကို ဖော်ဆောင်ပေးနိုင်သည့် ဥပဒေများရေးဆွဲခြင်း၊ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်းတို့ဖြင့် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်တို့၏အကျိုးစီးပွားကို ပြည်သူ့ လွှတ်တော်မှတစ်ဆင့် အစွမ်းကုန်ဆောင်ရွက်ခဲ့ကြပါတယ်။ ကော်မတီများဟာ လွှတ်တော်ကြီးထဲက လွှတ်တော်ငယ်ကလေးများဖြစ်သည့်အတွက် ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော် ဆန္ဒ၊ ပြည်သူတို့၏မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဟူသောဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်နှင့်ပြည်သူတို့၏အကျိုးအတွက် ဥပဒေပြုရေးနှင့် အပြန်အလှန်ထိန်းညှိရေးတာဝန်များကို ကျေပွန်စွာအစွမ်းကုန်ဆောင်ရွက်ကြရပါတယ်။

သို့ဖြစ်ပါ၍ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၏ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအား ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းတင်ပေး နိုင်ပါရန် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ် သမားနှင့် လူငယ်ရေးရာကော်မတီ၂၀၁၁ခုနှစ်မှ ၂၀၁၅ ခုနှစ် အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ**

**နိဒါန်း**

၁။ ပြည်သူ့လွှတ်တော်သည် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄ နှင့် ၂၇ တို့အရ အပ်နှင်း ထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်(၁၅)ဦးတို့ဖြင့် ၅-၉-၂၀၁၁ ရက်နေ့တွင် အမိန့် ကြော်ငြာစာအမှတ်(၁၄/၂၀၁၁)ဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။ ကော်မတီတွင် ပါတီအသီးသီး၊ ဒေသ အသီးသီးမှ တိုင်းရင်းသားများပါဝင်သည့် အောက်ပါကိုယ်စားလှယ်များပါဝင်ပါသည်-

| စဉ် | အမည် | တာဝန် | မဲဆန္ဒနယ် | ပါတီ |
|---|---|---|---|---|
| ၁။ | ဦးတင်ထွတ် | ဥက္ကဋ္ဌ | ဇလွန် | ပြည်၊ခိုင်၊ဖွံ့ |
| ၂။ | ဦးအောင်ကျော်ဦး | အဖွဲ့ဝင် | ရေဦး | ပြည်၊ခိုင်၊ဖွံ့ |
| ၃။ | ဦးလှထွန်းဦး | အဖွဲ့ဝင် | ဒလ | ပြည်၊ခိုင်၊ဖွံ့ |
| ၄။ | ဦးသိန်းထွန်း | အဖွဲ့ဝင် | ကျောင်းကုန်း | ပြည်၊ခိုင်၊ဖွံ့ |
| ၅။ | ဦးသိန်းရီ | အဖွဲ့ဝင် | ထန်းတပင် | ပြည်၊ခိုင်၊ဖွံ့ |
| ၆။ | ဦးဂျိဖုန်ဆားရ် | အဖွဲ့ဝင် | နောင်မွန် | ပြည်၊ခိုင်၊ဖွံ့ |
| ၇။ | ဦးမြင့်လှိုင် | အဖွဲ့ဝင် | မဘိမ်း | ပြည်၊ခိုင်၊ဖွံ့ |
| ၈။ | ဦးတင်ဝင်း | အဖွဲ့ဝင် | ကောလင်း | ပြည်၊ခိုင်၊ဖွံ့ |
| ၉။ | ဦးဝင်းသိန်း | အဖွဲ့ဝင် | ပင်လည်ဘူး | ပြည်၊ခိုင်၊ဖွံ့ |
| ၁၀။ | ဦးပိုက်လင်း | အဖွဲ့ဝင် | ပလက်ဝ | ချင်းတိုးတက်ရေး |
| ၁၁။ | ဦးကျော်မြင့် | အဖွဲ့ဝင် | မိုးမိတ် | တ.စ.ည |
| ၁၂။ | ဒေါ်နန်းစေအွာ | အဖွဲ့ဝင် | ဘားအံ | ဖလုံ/စဝေါ် |
| ၁၃။ | ဦးဇော်ထွန်း | အဖွဲ့ဝင် | မိုးမောက် | ရှမ်း/ဒီမို |
| ၁၄။ | ဦးအောင်သိန်း | အဖွဲ့ဝင် | ရွာငံ | တသီးပုဂ္ဂလ |
| ၁၅။ | ဦးဌေးဝင်း | အတွင်းရေးမှူး | လယ်ဝေး | ပြည်၊ခိုင်၊ဖွံ့ |

၂။ ၂၀၁၂ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့ ပြည်သူ့လွှတ်တော်၏ အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၁၂)ဖြင့် ဦးသိန်းရီ(ထန်းတပင်မဲဆန္ဒနယ်)နှင့် ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)တို့အစား ဦးကျော်မြင့်(မြန်အောင်မဲဆန္ဒနယ်)နှင့် ဦးအိုက်မုန်း(မန်တုံ)မဲဆန္ဒနယ်တို့ကို ကော်မတီဝင်အဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့တွင် ဦးလှထွန်းဦး(ဒလမဲဆန္ဒနယ်)အစား ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ(၇)ရက်နေ့ ပြည်သူ့လွှတ်တော်အမိန့်

ကြော်ငြာစာအမှတ်(၁၇/၂၀၁၃)ဖြင့် ဒေါ်မြင့်မြင့်စန်း(ဝါးခယ်မမဲဆန္ဒနယ်)အား ကော်မတီဝင်အဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။

၄။ ပြည်သူ့လွှတ်တော် ကော်မတီအသီးသီးတွင် ဥပဒေကိစ္စများဆောင်ရွက်ရာ၌ ပိုမိုထိရောက်မြန်ဆန်မှုရှိစေရန်အတွက် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးတင့်လွင်ရွှေ နှင့် ဦးမြင့်ဆွေ-၂ တို့အား ပြည်သူ့လွှတ်တော်ရုံး၏ ၁၅-၇-၂၀၁၃ ရက်စွဲပါ စာအမှတ် ၀၅/ပသ(ကမတ)/၂၀၁၃-၁၄၃ ဖြင့် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီတွင် တွဲဖက်တာဝန်ပေးအပ်ခဲ့ပါသည်။

၅။ ၂၀၁၃ခုနှစ်၊ ဇူလိုင်လ(၉)ရက်နေ့တွင် ပြည်သူ့လွှတ်တော်၏ အမိန့်အမှတ်(၁/၂၀၁၃)ဖြင့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီတွင် လေ့လာသူများအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။

(က) ကြည်း(၁၇၃၁၉) ဗိုလ်မှူးကြီးအောင်သီဟ

(ခ) ကြည်း(၂၄၀၀၂) ဒုတိယဗိုလ်မှူးကြီး အောင်ခိုင်

(ဂ) ကြည်း(၂၆၈၃၉) ဒုတိယဗိုလ်မှူးကြီး ကျော်သီဟ

(ဃ) ကြည်း (၂၉၇၄၃) ဒုတိယဗိုလ်မှူးကြီးအေးကိုကို

(င) လေ (၂၅၉၉) ဗိုလ်မှူးစိုးမင်းအေး

**သက်တမ်း**

၆။ ကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ-၂၊ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်ပါသည်။ ကော်မတီ၏ သက်တမ်းကို စတင်ဖွဲ့စည်းသည့် ၅-၉-၂၀၁၁ ရက်နေ့မှစတင်၍ (၁)နှစ်သတ်မှတ်ထားပါသည်။ သို့ဖြစ်ပါ၍ ကော်မတီ၏သက်တမ်းသည် ၄-၉-၂၀၁၂ ရက်နေ့တွင် (၁)နှစ်ပြည့်မြောက်ပြီးဖြစ်သည့်အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေနှင့် ပြည်သူ့လွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက်များအရ ကော်မတီကို သက်တမ်းတိုးမြှင့်ထားပါသည်။

**ကော်မတီ၏တာဝန်**

၇။ ပြည်သူ့လွှတ်တော်က သတ်မှတ်ပေးထားသော ကော်မတီ၏ တာဝန်(၉)ရပ်ရှိပါသည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**မူကြမ်း**

(က) တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာဆိုင်ရာ လုပ်ငန်းများဖွံ့ဖြိုးတိုး တက်ရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) တောင်သူလယ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရမည်။

(ဂ) စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီ ဆောင်ရွက်ရမည်။

(ဃ) အလုပ်သမားများ၏အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရမည်။

(င) ပြည်သူများ အလုပ်လက်မဲ့နည်းပါးစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်ရမည်။

(စ) လူငယ်များ မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးကို ကူညီဆောင်ရွက်ရမည်။

(ဆ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဇ) တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော် ပါက အမိန့်ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိ ကူညီရမည်။

(ဈ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်**

၈။ ပြည်သူ့လွှတ်တော်က သတ်မှတ်ပေးထားသော ကော်မတီ၏လုပ်ပိုင်ခွင့် (၅)ရပ်ရှိပါသည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ယင်းသို့ တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောထားကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့် နေ့တစ်နေ့တွင် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်တီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း ကော်မတီ၏ အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီအဖွဲ့ဝင်တစ်ဦးကသော်လည်းကောင်း ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန်အဆို တင်သွင်းရမည်။

**ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေး**

၉။ ပြည်သူ့လွှတ်တော်က သတ်မှတ်ပေးထားသော ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေး (၃)ရပ်ရှိပါသည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာ အဖွဲ့အစည်း၏ အကြီးအမှူးမှတဆင့် လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခံရခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

**လုပ်ငန်းဆောင်ရွက်ချက်များ**

၁၀။ ကော်မတီသည် စတင်ဖွဲ့စည်းပြီးသည့်အချိန်မှစ၍ နိုင်ငံတစ်ဝှမ်းလုံးရှိ လယ်ယာမြေသိမ်းဆည်းခံရသော တောင်သူလယ်သမားများမှ ကော်မတီသို့ ၎င်းတို့၏ နစ်နာမှုများကို ကူညီဖြေရှင်းပေးနိုင်ရန် တင်ပြတိုင်ကြားလာကြပါသည်။ အဆိုပါ တင်ပြတိုင်ကြားချက်များကို ကော်မတီမှ အရေးယူဖြေရှင်းပေးနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။ သို့ရာတွင် မြေသိမ်းဆည်းခံရမှု ဖြစ်စဉ်ဖြစ်ရပ်များမှာ နိုင်ငံတစ်ဝှမ်းလုံးကျယ်ပြန့်စွာ ဖြစ်ပေါ်နေသဖြင့် နိုင်ငံတော်အစိုးရအဖွဲ့မှ ဖြေရှင်းဆောင်ရွက်ပေးမှသာ ပြီးပြတ်နိုင်မည့်ကိစ္စများဖြစ်ပါသည်။

၁၁။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွတ်က လယ်ယာမြေသိမ်းဆည်းခံရခြင်းအား စုံစမ်းလေ့လာဖော်ထုတ်ပြီး တောင်သူလယ်သမားများ နစ်နာမှုမရှိစေရေး၊ တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးရန် အဆိုတစ်ရပ်ကို (၄-၇-၂၀၁၂)ရက်နေ့တွင် ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ ယင်းအဆိုကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၄၆ ဦးတို့က ထောက်ခံဆွေးနွေးခဲ့ကြပါသည်။ ပြည်ထောင်စုအစိုးရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီးက အဆိုကို မှတ်တမ်းတင်ထားရှိသင့်ကြောင်း ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့သည့်အတွက် မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၃၉၅ မဲ၊ ကန့်ကွက်မဲ ၁၇၆ မဲ၊ ကြားနေမဲ ၂၄ မဲဖြစ်ပြီး ထောက်ခံမဲများသည့်အတွက် အဆိုမှာ အတည်ဖြစ်ခဲ့ပါသည်။ ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကသည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေခွဲ(ပ)နှင့်အညီ ၂၀၁၂ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပထမအကြိမ်၊ ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ ဆုံးဖြတ်ချက်အရ ၂၀၁၂ ခုနှစ်၊

ဩဂုတ်လ ၈ ရက်ပါ အမိန့်ကြော်ငြာစာအမှတ်(၅၂/၂၀၁၂)ဖြင့် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်ကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်(၆၀)ဦးဖြင့် စတင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၁၂။ စုံစမ်းရေးကော်မရှင်သည် တိုင်ကြားစာများတွင်ပါဝင်သော ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးသို့ အဖွဲ့(၉)ဖွဲ့ခွဲ၍ ကွင်းဆင်းစုံစမ်းမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ သို့ရာတွင် စုံစမ်းရေး ကော်မရှင်သည် အဖွဲ့ဝင်အင်အားနည်းပါးပြီး လုံလောက်မှုမရှိပါသဖြင့် ပြည်ထောင်စုလွှတ်တော် နာယကထံတင်ပြ၍ အဖွဲ့ဝင်အင်အား(၁၆)ဦး ထပ်မံတိုးချဲ့ဖွဲ့စည်းပြီး စုစုပေါင်း အင်အား(၇၆)ဦးဖြင့် အဖွဲ့ခွဲ(၁၁)ဖွဲ့ ဖွဲ့စည်းကာ စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့ပါသည်။

၁၃။ ကော်မရှင်စတင်ဖွဲ့စည်းချိန်တွင် ကော်မရှင်အတွက် ရုံးလုပ်ငန်းများဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော်မှ သီးခြားဝန်ထမ်းခန့်အပ်၍ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်း မရှိ၍ ပြည်သူ့ လွှတ်တော်၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီဝန်ထမ်းများဖြင့်သာ ကော်မရှင်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ ကော်မတီဝန်ထမ်းများသည် ကော်မရှင်သို့ ရောက်ရှိလာသည့် တိုင်ကြားစာများကို မှတ်ပုံတင်ခြင်း၊ သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီးအဖွဲ့ခွဲများသို့ စိစစ်၍ ကွင်းဆင်းဆောင်ရွက်ရန် လွှဲပြောင်းပေးရခြင်း၊ အဖွဲ့ခွဲများမှ ပြန်လည်တင်ပြလာသော ကွင်းဆင်းဆောင်ရွက်မှု အစီရင်ခံစာများအား စုစည်း၍ ကော်မရှင်၏ အစီရင်ခံစာများနှင့်အဆိုများ ပြုစုပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြနိုင်ရန် ဆောင်ရွက်ပေးရခြင်း၊ တပ်မတော်/ အချို့ဌာနဆိုင်ရာများနှင့် တိုက်ရိုက်ပတ်သက်သည့် အမှုကိစ္စ များကိုစိစစ်၍ သက်ဆိုင်ရာ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် ပေးပို့နိုင်ရန် ဆောင်ရွက်ပေးရခြင်း၊ ကော်မရှင်၏ညှိနှိုင်းအစည်းအဝေးများ ဆောင်ရွက်နိုင်ရန် စီစဉ်ပေးရခြင်းတို့ကို ကော်မတီဝန်ထမ်း(၅)ဦးဖြင့်သာ လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ ကော်မရှင်၏ အစီရင်ခံစာကို တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များ တိုးချဲ့ဖွဲ့စည်းရာတွင် တပ်မြေအဖြစ် သိမ်းဆည်း ခြင်းကိစ္စအတွက် အစီရင်ခံစာ အပိုင်း(၁)ဖြင့်လည်းကောင်း၊ မြို့ပြများတိုးချဲ့တည်ဆောက်ရေးနှင့် စက်မှုဇုန်များတည်ဆောက်ရေးအတွက် သိမ်းဆည်းခြင်းကိစ္စကို အစီရင်ခံစာ အပိုင်း(၂)ဖြင့် လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီမံကိန်းများဆောင်ရွက်ရန် ပုဂ္ဂလိကကုမ္ပဏီများသို့ မြေနေရာချထားပေးရာတွင် တောင်သူလယ်သမားများ လက်ရှိလုပ်ကိုင်နေသည့် လယ်ယာမြေများ ပါရှိသွားခြင်း၊ နိုင်ငံတော်စီမံကိန်းဖြစ်သည့် ရထားလမ်းများ၊ ကားလမ်းများ၊ လေယာဉ်ကွင်းများတိုးချဲ့

တည်ဆောက်ရေးအတွက် သိမ်းဆည်းခြင်းနှင့် နိုင်ငံတော်ပိုင်စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်ရေးအတွက် သိမ်းဆည်းခြင်းကိစ္စရပ်များအတွက် အစီရင်ခံစာအပိုင်း(၃)ဖြင့်လည်းကောင်း၊ အခြားမြေများ သိမ်းဆည်းမှုများနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် အစီရင်ခံစာ အပိုင်း(၄)ဖြင့်လည်းကောင်း၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်အပေါ် ဖြေရှင်းဆောင်ရွက်ပေးမှုအခြေအနေ လေ့လာတွေ့ရှိချက်အစီရင်ခံစာကိုလည်းကောင်း၊ ကော်မရှင်၏ အစီရင်ခံစာ စုစုပေါင်း(၅)အုပ်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုနိုင်ခဲ့ပြီးဖြစ်ပါသည်။ ယင်းအစီရင်ခံစာများ တင်ပြအတည်ပြုပြီးမှသာ ၂၉-၉-၂၀၁၄ ရက်စွဲပါစာဖြင့် ပြည်ထောင်စုလွှတ်တော်ဝန်ထမ်းများကို သီးခြားဖွဲ့စည်း၍ စုံစမ်းရေးကော်မရှင်၏ ရုံးလုပ်ငန်းတာဝန်များအား ကော်မတီမှ လွှဲပြောင်းတာဝန်ပေးအပ်ခဲ့ပါသည်။

၁၄။ ကော်မတီသည် ကော်မရှင်လုပ်ငန်းများအား ဦးဆောင်၍ ပူးပေါင်းဆောင်ရွက်ရသဖြင့် ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ၂၀၁၁ခုနှစ်တွင်(၂)ကြိမ်၊ ၂၀၁၂ခုနှစ်တွင်(၂)ကြိမ်၊ ၂၀၁၃ခုနှစ်တွင် (၂)ကြိမ်၊ ၂၀၁၄ခုနှစ်တွင် (၄)ကြိမ်၊၂၀၁၅ခုနှစ်တွင် (၂)ကြိမ် ကော်မတီအစည်းအဝေး စုစုပေါင်း(၁၂)ကြိမ် ကျင်းပနိုင်ခဲ့ပါသည်။

၁၅။ ကော်မတီသည် ပြည်သူ့လွှတ်တော်၏တာဝန်ပေးချက်အရ သမဝါယမဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့၏ ၂၀၁၁-၂၀၁၂ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ဖြည့်စွက်ခွင့်ပြုငွေ တင်ပြချက်များအား စိစစ်တင်ပြခြင်း၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်များအတွက် အမျိုးသားစီမံကိန်း ဥပဒေကြမ်းများ၊ ရသုံးခန့်မှန်းခြေငွေစာရင်းများနှင့် ဖြည့်စွက်တောင်းခံငွေတင်ပြချက်များအား စိစစ်တင်ပြခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

၁၆။ ကော်မတီသည် တောင်သူလယ်သမားများ၏ အကျိုးစီးပွားနှင့်လူမှုဘဝဖွံ့ဖြိုး တိုးတက်စေရေးအတွက် အကျိုးရှိမည့်အဆိုများတင်သွင်းခြင်း၊ လွှတ်တော်သို့မေးခွန်းများ မေးမြန်းခြင်း၊ လယ်ယာမြေဥပဒေ၊ မြေလွတ်မြေလပ်မြေရိုင်းဥပဒေ၊ တောင်သူလယ်သမားများ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေများ ရေးဆွဲပြဋ္ဌာန်းရာတွင် ဝင်ရောက်ဆွေးနွေးခြင်း၊ ဥပဒေကြမ်းကော်မတီနှင့် ညှိနှိုင်းဆွေးနွေးပွဲများတွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များမှ တက်ရောက်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

**မူကြမ်း**

၁၇။ ကော်မတီသည် ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ တာဝန်ခွဲဝေသတ်မှတ်ပေးချက်အရ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေး ဝန်ကြီးဌာန၏ ဥပဒေ၊ နည်းဥပဒေ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို လေ့လာသုံးသပ်ပြီး၊ ပယ်ဖျက် ပြင်ဆင်အသစ်ပြဌာန်းခြင်းများအား သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက် လျက်ရှိပါသည်။ ကော်မတီကစိစစ်ရန် သတ်မှတ်ပေးထားသည့် ဥပဒေ(၁၆)ခုရှိပါသည်။ ၎င်းဥပဒေ (၁၆)ခုအနက်မှ အတည်ပြုပြဌာန်းပြီး(၆)ခု၊ ပြင်ဆင်ရေးဆွဲသည့် ဥပဒေ(၄)ခု၊ ရုပ်သိမ်းပြီး အသစ် ရေးဆွဲသည့် ဥပဒေ(၆)ခုရှိပါသည်။ ထို့ပြင် ယခုလက်ရှိအခြေအနေတွင် ထပ်မံအသစ်ရေးဆွဲလျက် ရှိသည့် ဥပဒေမူကြမ်း(၂)ခုရှိပါသည်။

**(က) အတည်ပြုပြဌာန်းပြီးဥပဒေ(၆)ခု**

(၁) အလုပ်သမား အဖွဲ့အစည်းဥပဒေ(၇/၂၀၁၁)

(၂) အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ(၅/၂၀၁၂)

(၃) ၂၀၁၂ ခုနှစ်၊လူမှုဖူလုံရေး ဥပဒေ(၁၅/၂၀၁၂)

(၄) ၂၀၁၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေ ဥပဒေ(၇/၂၀၁၃)

(၅) အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ(၂၉/၂၀၁၃)

(၆) ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ(၃၀/၂၀၁၄)

**(ခ) ပြင်ဆင်ရေးဆွဲသည့်ဥပဒေ(၄)ခု**

(၁) ၁၉၄၈ ခုနှစ်၊ အလုပ်အကိုင်ဆိုင်ရာ စစ်တမ်းယူခြင်း အက်ဥပဒေ

(၂) ၁၉၅၁ခုနှစ်၊ရေနံမြေ(အလုပ်သမားနှင့်သက်သာချောင်ချိရေး) အက်ဥပဒေ

(၃) ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ

(၄) ၁၉၅၁ ခုနှစ်၊ အလုပ်ခန့်ထားမှု ကန့်သတ်ရေးအက်ဥပဒေ

**(ဂ) ရုပ်သိမ်းပြီးအသစ်ရေးဆွဲသည့် ဥပဒေ(၆)ခု**

(၁) ၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေး အက်ဥပဒေ

(၂) ၁၉၃၄ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အက်ဥပဒေ

**မူကြမ်း**

(၃) ၁၉၃၆ ခုနှစ်၊ လုပ်ခပေးရေးအက်ဥပဒေ

(၄) ၁၉၄၈ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေ

(၅) ၁၉၅၁ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများအက်ဥပဒေ

(၆) ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ

**(ဃ) ထပ်မံအသစ်ရေးဆွဲသည့် ဥပဒေ(၂)ခု**

(၁) နိုင်ငံခြားသားအလုပ်သမားဆိုင်ရာဥပဒေ(မူကြမ်း)၊

(၂) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေ (မူကြမ်း)

**နိုင်ငံခြားအဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း**

၁၈။ ကော်မတီသည် လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်များအရ ကော်မတီဥက္ကဋ္ဌက ဂျပန်နိုင်ငံ TOSHIBA CORPORATION မှတာဝန်ရှိသူများနှင့် ဧည့်သည်တော်များအား ၂၀၁၄ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်စိတ်တစ်ပိုင်းဖြစ်သော လျှပ်စစ်ကဏ္ဍနှင့်ရန်ကုန်မြို့တော်အတွင်း မြေအောက်ရထားလမ်းစနစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် ၎င်းစနစ်တွင် LRT( Light Rail Transit)ဖြင့် အသုံးပြုတည်ဆောက်နိုင်ရေးတို့ကို အဓိက ထားဆွေးနွေးခဲ့ကြပါသည်။

**ကော်မတီဝင်များ ပြည်ပခရီးသွားရောက်ခြင်း**

၁၉။ ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်၏ တာဝန်ပေးအပ်မှုအရ ပြည်ပခရီးစဉ်များကို အောက်ပါအတိုင်းသွားရောက်ခဲ့ပါသည်-

| စဉ် | အမည် | နိုင်ငံ | ကာလ | အကြောင်းအရာ | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ဦးဌေးဝင်း (လယ်ဝေး) | အိန္ဒိယ | ၁၁-၁၂-၂၀၁၁ မှ ၁၇-၁၂-၂၀၁၁ ထိ | လွှတ်တော်လေ့လာရေး | |
| | | | ၁၈-၈-၂၀၁၄ မှ | | |

မူကြမ်း

| စဉ် | အမည် | နိုင်ငံ | ကာလ | အကြောင်းအရာ | မှတ်ချက် |
|---|---|---|---|---|---|
| | | | ၂၆-၈-၂၀၁၄ ထိ | | |
| ၂။ | ဦးပိုက်လင်း (ပလက်ဝ) | ထိုင်း | ၂၂-၉-၂၀၁၃ မှ ၂၆-၉-၂၀၁၃ ထိ | ချစ်ကြည်ရေးခရီးစဉ် | |
| ၃။ | ဦးကျော်မြင့် (ခ)ဦးဖိုးတုတ် (မိုးမိတ်) | တရုတ် | ၃၀-၁၀-၂၀၁၃ မှ ၅-၁၁-၂၀၁၃ ထိ | ချစ်ကြည်ရေးခရီးစဉ် | |
| ၄။ | ဦးကျော်မြင့် (မြန်အောင်) | တရုတ် | ၂၁-၄-၂၀၁၄ မှ ၃၀-၄-၂၀၁၄ ထိ | တရုတ်ကွန်မြူနစ်ပါတီ၏ ဖိတ်ကြားချက်အရ လေ့လာရေးခရီးစဉ် | |
| ၅။ | ဒေါ်မြင့်မြင့်စန်း (ဝါးခယ်မ) | တရုတ် | ၁၅-၈-၂၀၁၂ မှ ၂၆-၈-၂၀၁၂ ထိ | တရုတ်ကွန်မြူနစ်ပါတီ၏ ဖိတ်ကြားချက်အရ လေ့လာရေးခရီးစဉ် | |
| | | အမေရိက | ၂၉-၄-၂၀၁၃ မှ ၂၉-၈-၂၀၁၃ ထိ | Richardson Foundation ၏ထောက်ပံ့မှုဖြင့် ပညာသင်ခြင်း | |
| | | လာအို | ၁၄-၉-၂၀၁၄ မှ ၂၀-၉-၂၀၁၄ ထိ | (၃၅)ကြိမ်မြောက် AIPA ညီလာခံတက်ရောက်ရန် | |

| စဉ် | အမည် | နိုင်ငံ | ကာလ | အကြောင်းအရာ | မှတ်ချက် |
|---|---|---|---|---|---|
| ၆။ | ဦးသိန်းထွန်း (ကျောင်းကုန်း) | အမေရိကန် | ၂၉-၄-၂၀၁၅ မှ ၇-၅-၂၀၁၅ ထိ | အမေရိကန်အောက်လွှတ်တော် ဥက္ကဋ္ဌ ဖိတ်ကြားချက်အရ (နာယက ခရီးစဉ်) | |

**နိဂုံး**

၂၀။ တောင်သူလယ်သမား၊ အလုပ်သမားနှင့်လူငယ်ရေးရာ ကော်မတီဝင်များအနေဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည်နှင့်အညီ အမြော်အမြင်ရှိမှု၊ ယဉ်ကျေးဖော်ရွေမှု၊ သည်းခံစိတ်ရှည်မှု၊ စာနာမှုများဖြင့် ပြည်သူများ၏အကျိုးစီးပွားရှိမည့် လုပ်ငန်းများကိုဆောင်ရွက်ခဲ့ကြပါသည်။ ကော်မတီဝင်များသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်တို့၏အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်သည့် ဥပဒေများရေးဆွဲခြင်း၊ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းတို့ဖြင့် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်တို့၏အကျိုးစီးပွားကို ပြည်သူ့လွှတ်တော်မှတစ်ဆင့် အစွမ်းကုန်ဆောင်ရွက်ခဲ့ကြပါသည်။

၂၁။ ကော်မတီများသည် လွှတ်တော်ကြီးထဲမှ လွှတ်တော်ငယ်ကလေးများဖြစ်သည့်အတွက် ပြည်သူ့အသံ၊ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ၊လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးအတွက် ဥပဒေပြုရေးနှင့် အပြန်အလှန်ထိန်းညှိရေးတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီရဲ့အစီရင်ခံစာကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂-၁၂-၂၀၁၅ ရက်နေ့ နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက် ဆိုင်ရာစိစစ်ညှိနှိုင်းရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ စိစစ်ညှိနှိုင်းရေးကော်မတီက အစီရင်ခံစာကို တင်ပြရန်ဖြစ်တဲ့အတွက် အစီရင်ခံစာတင်ပြရန် ဖိတ်ခေါ်ပါတယ်။

**ဦးကြည်ပြုံး(အဖွဲ့ဝင်၊ အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာစိစစ်ညှိနှိုင်းရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြား ထားသောဧည့်သည်များ မင်္ဂလာပါလို့ရိုသေစွာနှင့် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့သာ အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရ အသုံးနှင့်အခွန်အကောက်ဆိုင်ရာ စိစစ်ညှိနှိုင်းရေးကော်မတီ၏ အစီရင်ခံစာကို ၂၀၁၁ မှ ၂၀၁၅ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းအနေနဲ့ တင်ပြအစီရင်ခံ တင်ပြသွားမှာဖြစ်ပါတယ်။ ကော်မတီရဲ့ အစီရင်ခံစာ (၁/၂၀၁၅)ကို ကိုယ်စားလှယ်ကြီးများထံကိုလည်း ကြိုတင်ဖြန့်ဝေပြီးသားဖြစ်ပါတယ်။ ဒီအတွက် မန္တလေး တိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်ပြုံး အနေနဲ့ ကော်မတီရဲ့ အစီရင်ခံစာကို မှတ်တမ်းအဖြစ်သာအစီရင်ခံသွားမှာဖြစ်ပါတယ်။

နိဒါန်းပိုင်းအနေနဲ့ ကျွန်တော်တို့ပြည်သူ့လွှတ်တော် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့်အခွန်အကောက်ဆိုင်ရာ စိစစ်ညှိနှိုင်းရေးကော်မတီဝင်များအနေနဲ့ ၂၀၁၁

ခုနှစ်ကနေ ၂၀၁၅ ခုနှစ်များအတွင်းမှာ မိမိတို့ရဲ့ ဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံ၊ နှစ်အလိုက်ပြုစုခဲ့ရတဲ့အစီရင်ခံစာများ၊ အတည်ပြုပြဋ္ဌာန်းပြီးခဲ့တဲ့ဥပဒေကြမ်းနဲ့ ကော်မတီလုပ်ငန်းဆောင်ရွက်ခဲ့ပုံများကို ယခုစာတမ်းမှာတတ်နိုင်သမျှ ပြည့်စုံစွာဖော်ပြပြီးတော့ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်သက်တမ်းမှာ ဖွဲ့စည်းဆောင်ရွက်ကြမည့် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာစိစစ်ညှိနှိုင်းရေးကော်မတီဝင်များအနေဖြင့် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်ဖို့အတွက် စေတနာရှေ့ထားပြီးတော့ ကျွန်တော်တို့ကော်မတီအနေနဲ့ ပြုစုတင်ပြခြင်းဖြစ်ပါတယ်။

ကော်မတီရဲ့ဖွဲ့စည်းခြင်းအနေနဲ့ကတော့ ပြည်သူ့လွှတ်တော် စီမံကိန်းများနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီကို ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၄၊ ပုဒ်မ ၂၇ နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေး ဆုံးဖြတ်ချက်တို့အရ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ်(၂၁/၂၀၁၁)ဖြင့် ကိုယ်စားလှယ် (၁၅)ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လမှစတင်ပြီး ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအထိ ကော်မတီများ အဆင့်ဆင့် ပြင်ဆင်ဖွဲ့စည်းပုံကိုလည်း ဖြန့်ဝေထားတဲ့အစီရင်ခံစာများမှာ ပြည့်စုံစွာဖော်ပြပြီးဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့မှာ ပြည်သူ့လွှတ်တော်ရဲ့ အမိန့်အမှတ်(၁/၂၀၁၃)ဖြင့် တပ်မတော်သား ကိုယ်စားလှယ် ငါးဦးကို လေ့လာသူများအဖြစ် ကော်မတီမှာ တာဝန်ပေးဆောင်ရွက်ခဲ့ပါတယ်။

ကျွန်တော်တို့ကော်မတီမှာ ပါဝင်တဲ့ ပါတီများအနေနဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ၁၁ ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှစ်ဦး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်တစ်ဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတစ်ဦးတို့ဖြစ်ပြီးတော့ အမျိုးသားကိုယ်စားလှယ် ၁၃ ဦး၊ အမျိုးသမီးကိုယ်စားလှယ် နှစ်ဦးတို့ ပါဝင်ပါတယ်။ ကယား၊ မွန်၊ ဗမာ၊ ပအိုဝ်း စတဲ့တိုင်းရင်းသားလူမျိုးများနဲ့ ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ(၂၂)ရက် ပြည်သူ့လွှတ်တော်ရဲ့ အမိန့်ကြော်ငြာစာအမှတ်(၁၀/၂၀၁၅)အရ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီရဲ့ အမည်ကို အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ စိစစ်ညှိနှိုင်းရေးကော်မတီလို့ ပြင်ဆင်သတ်မှတ်လိုက်ပါတယ်။

ကော်မတီမှာ အဓိကဆောင်ရွက်တာကတော့ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော်ရုံးရဲ့ တာဝန်ခွဲဝေသတ်မှတ်ပေးချက်များအရ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်

မှစပြီး နှစ်စဉ် အမျိုးသားစီမံကိန်းဥပဒေ၊ ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာဥပဒေများ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့၏ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို လေ့လာသုံးသပ်ပြီး ဥပဒေများကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့အပြင်လည်း တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားခန့်မှန်းထားများ သတ်မှတ်ခြင်း၊ မော်တော်ယာဉ်မှတ်ပုံတင်ခ ကောက်ခံခြင်းဆိုင်ရာကိစ္စရပ်များ၊ ပြည်ပချေးငွေကိစ္စရပ်များ၊ အင်ဂျင်နီယာကောင်စီဥပဒေ၊ ရခိုင်ပြည်နယ်က ပေးပို့လာတဲ့တိုင်ကြားစာကိစ္စများ၊ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ လစဉ်ချီးမြှင့်ငွေများ သတ်မှတ်ခြင်း၊ နောက် ပြည်ထောင်စုလွှတ်တော်ရဲ့ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေနှင့် ဝန်ထမ်းများ လစာတိုးမြှင့်ရေးကိစ္စရပ်များလည်း ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် လွှတ်တော်ဥက္ကဋ္ဌကြီးမှ ကော်မတီဥက္ကဋ္ဌကို သီးသန့်တာဝန်ပေးအပ်တဲ့ အခြားကိစ္စရပ်များကိုလည်း စိစစ်ဆောင်ရွက်ခဲ့ပါတယ်။ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် ဦးကြည်တင့်တို့ဟာ ကော်မတီရဲ့ လုပ်ငန်းတာဝန်များ အပြင် စီမံကိန်းများနှင့် ဘဏ္ဍာရေးတိုးတက်မှုပူးပေါင်းကော်မတီ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းများကို စိစစ်ညှိနှိုင်းရေးပူးပေါင်းကော်မတီများမှာ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြပါတယ်။ တွဲဖက်ထမ်းဆောင်ပါတယ်။ ကော်မတီအတွင်းရေးမှူးအနေနဲ့လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးမှာလည်း အတွင်းရေးမှူး တာဝန်ကိုပါ ပူးတွဲထမ်းဆောင်ခဲ့ရပါတယ်။ ကော်မတီဝင်များဖြစ်တဲ့ ဦးကြည်ပြုံးနဲ့ ဒေါ်ခင်မွှေးလွင်တို့ဟာလည်း စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းကော်မတီမှာ ကော်မတီဝင်များအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ကြပါတယ်။ ကော်မတီအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလာသော ဥပဒေကြမ်းများအပေါ် ကော်မတီမှ စိစစ်လေ့လာသုံးသပ်၍ ၂၀၁၅ ခုနှစ် ဇူလိုင်လအထိ တင်သွင်းခဲ့တဲ့ အစီရင်ခံစာပေါင်း ၂၃ ခု ရှိပါတယ်။

ကော်မတီက ဆောင်ရွက်ရတဲ့ ဥပဒေများအနေနဲ့ ကော်မတီအလိုက် လွှတ်တော်က သတ်မှတ်ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေ ၁၆ ခုကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ကျွန်တော်တို့ ကော်မတီက ဆောင်ရွက်ပေးခဲ့တဲ့အပြင် အင်ဂျင်နီယာကောင်စီဥပဒေ၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကိုလည်း တာဝန်ယူဆောင်ရွက်ပေးခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်မှာ အဆို၊ မေးခွန်းများ မေးမြန်း၊ ဆွေးနွေးခြင်းအနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော်မှာ ကျွန်တော်တို့ ကော်မတီဝင်များရဲ့ အဆို၊ မေးခွန်း တင်သွင်း၊ မေးမြန်းမှု ဆောင်ရွက်ခဲ့မှုများကို အစီရင်ခံစာမှာ သီးခြားဖော်ပြပြီးဖြစ်ပါတယ်။

ကော်မတီအစည်းအဝေးများ ကျင်းပနိုင်မှုအနေနဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ၂၀၁၁ ခုနှစ်တွင် ၅ ကြိမ်၊ ၂၀၁၂ ခုနှစ်တွင် ၁၅ ကြိမ်၊ ၂၀၁၃ ခုနှစ်တွင် ၂၄ ကြိမ်၊ ၂၀၁၄ ခုနှစ်တွင် ၁၇ ကြိမ်၊ ၂၀၁၅ ခုနှစ် နိုဝင်ဘာလအထိ ၄ ကြိမ် စုစုပေါင်း ၆၅ ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းကော်မတီကို ၂၂-၁၁-၂၀၁၃ မှာ အမိန့်ကြော်ငြာစာအမှတ်(၈၄/၂၀၁၃)ဖြင့် ဖွဲ့စည်းခဲ့ပြီး ပူးပေါင်းကော်မတီအစည်းအဝေးများအနေနဲ့ ၂၇ ကြိမ် ပြုလုပ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းများ စိစစ်ရေးပူပေါင်းကော်မတီကို ၂၆-၁-၂၀၁၅ မှာအမိန့်ကြော်ငြာစာအမှတ်(၇/၂၀၁၅)ဖြင့် ဖွဲ့စည်းပြီး ပူးပေါင်းအစည်းအဝေးများကို ၁၅ ကြိမ် ပြုလုပ်နိုင်ခဲ့ပါတယ်။

ဒီအစည်းအဝေးများမှာ ဥပဒေပြုရေး၊ အမျိုးသားစီမံကိန်း ဥပဒေမူကြမ်းများနှင့် ပထမ(၆)လပတ်၊ ဒုတိယ(၆)လပတ် အစီရင်ခံစာများ၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း အစီရင်ခံစာများ၊ ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းများ၊ ဝန်ကြီးဌာနများ၏ အသုံးစရိတ်များ စိစစ်ခွင့်ပြုရေး၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေကြမ်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ လစဉ်ချီးမြှင့်ငွေ ပြင်ဆင်သတ်မှတ်နိုင်ရေး တင်ပြချက်စာတမ်းများ၊ စီမံကိန်းများနှင့်ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းရပ်များကို ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ပါတယ်။

ကော်မတီမှ စိစစ်ရတဲ့ဝန်ကြီးဌာနများကတော့ စီမံကိန်း၊ ဘတ်ဂျက်၊ အခွန်ဆိုင်ရာ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနများနဲ့ပတ်သက်ပြီးတော့ ဝန်ကြီးဌာနအားလုံးနဲ့ ဆက်သွယ်ဆောင်ရွက်ခဲ့ရပါတယ်။

ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့်တွေ့ဆုံမှုများကတော့ ကော်မတီအနေဖြင့် ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှုအနေဖြင့် စုစုပေါင်း (၄၄)ကြိမ် တွေ့ဆုံခဲ့ပြီး လွှတ်တော်ဆိုင်ရာ ကိစ္စရပ်၊ ဥပဒေဆိုင်ရာကိစ္စရပ်၊ ကမ္ဘာ့ဘဏ်များမှ မြန်မာနိုင်ငံဘဏ်များနှင့် ဘဏ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များ၊ လမ်း၊ တံတားဆိုင်ရာကိစ္စရပ်များ၊ လျှပ်စစ်ရရှိရေးဆိုင်ရာကိစ္စရပ်

များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပါတယ်။

ပြည်ပလေ့လာရေး ခရီးစဉ်များအနေနဲ့ ကော်မတီဝင်များဟာ ပြည်သူ့လွှတ်တော်၏ တာဝန်ပေးအပ်မှုအရ ပြည်ပခရီးစဉ်များ သွားရောက်ခဲ့မှု စုစုပေါင်းအနေဖြင့် (၁၆)ကြိမ် သွားရောက်လေ့လာနိုင်ခဲ့ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲများမှာ ကော်မတီဝင်များဟာ ပြည်သူ့လွှတ်တော်ရဲ့ တာဝန်ပေးမှုအရ တက်ရောက်ခဲ့သော အလုပ်ရုံဆွေးနွေးပွဲများအနေဖြင့် စုစုပေါင်း (၄၅)ကြိမ် တက်ရောက်နိုင်ခဲ့ပါတယ်။ အစီရင်ခံစာများ တင်သွင်းမှုအနေဖြင့် ကော်မတီဟာ အစီရင်ခံစာ (၁၃)ခု၊ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းကော်မတီရဲ့ အစီရင်ခံစာက ခုနစ်ခု၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းများ စိစစ်နိုင်ရေးပူးပေါင်းကော်မတီအနေဖြင့် အစီရင်ခံစာ သုံးခု စုစုပေါင်း အစီရင်ခံစာ ၂၃ ခု ကျွန်တော်တို့ တင်သွင်းနိုင်ခဲ့ပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြချင်တာကတော့ ဤကော်မတီဟာ အဓိကတာဝန်မှာ စီမံကိန်းများ၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်တဲ့ ဥပဒေပြဋ္ဌာန်းခြင်း၊ အစိုးရ၏တင်ပြလာချက်များအပေါ် စိစစ်ဆောင်ရွက်ပေးခြင်း၊ ပြည်သူများမှတင်ပြတဲ့ ဤကော်မတီဆိုင်ရာကိစ္စရပ်များကို လေ့လာသုံးသပ် တင်ပြခြင်းတို့အား မိမိတို့ လွှတ်တော်သက်တမ်းကာလအတွင်းမှာ မိမိတို့ကော်မတီမှ အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

၁။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာစိစစ်ညှိနှိုင်းရေး ကော်မတီဝင်များအနေဖြင့် မိမိတို့တွေ့ကြုံဖြတ်သန်းခဲ့ကြရသော နှစ်များအလိုက် ပြုစုခဲ့သောအစီရင်ခံစာများ၊ အတည်ပြုပြဋ္ဌာန်းခဲ့သော ဥပဒေကြမ်းများနှင့် ကော်မတီလုပ်ငန်းဆောင်ရွက်ခဲ့ပုံများကို ယခုစာတမ်းတွင် တတ်နိုင်သမျှ ပြည့်စုံစွာ ဖော်ပြ၍ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာစိစစ်ညှိနှိုင်းရေး ကော်မတီဝင်များအနေဖြင့် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် စေတနာရှေ့ထား၍ ပြုစုတင်ပြခြင်းဖြစ်ပါသည်။

**မူကြမ်း**

**ဖွဲ့စည်းခြင်း**

၂။ ပြည်သူ့လွှတ်တော် စီမံကိန်းများနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီကို ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၄၊ ပုဒ်မ ၂၇ နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေး ဆုံးဖြတ်ချက်တို့အရ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၁၁ ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅)ဦးဖြင့် စတင်ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။

၃။ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လမှစတင်၍ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအထိ ကော်မတီအဖွဲ့ဝင်များ ပြင်ဆင်ဖွဲ့စည်းခဲ့ပုံများကို အစီရင်ခံစာတွင် ပြည့်စုံစွာဖော်ပြထားပါသည်။

၄။ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၏ အမိန့်အမှတ်(၁/၂၀၁၃)ဖြင့် တပ်မတော်သားကိုယ်စားလှယ် (၅) ဦးကို လေ့လာသူများအဖြစ် ကော်မတီတွင် တာဝန်ပေးအပ်ခဲ့ပါသည်။

၅။ ကော်မတီတွင်ပါဝင်သော ပါတီများမှာ -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | (၁၁) ဦး |
| ( ခ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ( ၂ ) ဦး |
| ( ဂ ) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် | ( ၁ ) ဦး |
| (ဃ) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ( ၁ ) ဦး |

တို့ ဖြစ်ကြပါသည်။ အမျိုးသားကိုယ်စားလှယ် (၁၃) ဦး နှင့် အမျိုးသမီး ကိုယ်စားလှယ် (၂) ဦး တို့ ပါဝင်ပြီး ကယား၊ မွန်၊ ဗမာ၊ ပအိုဝ်း စသည့် တိုင်းရင်းသားလူမျိုးများဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

၆။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၂ ရက် ပြည်သူ့လွှတ်တော် အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၅) အရ စီမံကိန်းများနှင့်ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏အမည်ကို အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ စိစစ်ညှိနှိုင်းရေးကော်မတီဟု ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

**အဓိကဆောင်ရွက်ချက်များ**

၇။ ကော်မတီသည် ဥပဒေပြုရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ရုံး၏ တာဝန်ခွဲဝေသတ်မှတ်ပေးချက်အရ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစ၍ နှစ်စဉ် အမျိုးသားစီမံကိန်း ဥပဒေ၊ ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေများ၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့၏ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို လေ့လာသုံးသပ်ပြီး ဥပဒေများကို ပယ်ဖျက်၊ ပြင်ဆင်၊ အသစ်ပြဋ္ဌာန်းခြင်းများ၊ လျှပ်စစ်ဓါတ်အားခနှုန်းထားများ၊ မော်တော်ယာဉ် မှတ်ပုံတင်ခ ကောက်ခံခြင်းဆိုင်ရာကိစ္စ၊ ပြည်ပချေးငွေကိစ္စရပ်များ၊ အင်ဂျင်နီယာကောင်စီဥပဒေ၊ ရခိုင်ပြည်နယ်မှ ပေးပို့လာသည့် တိုင်ကြားစာကိစ္စများ၊ လွှတ်တော်ကိုယ်စားလှယ်များ လစဉ်ချီးမြှင့်ငွေ သတ်မှတ် နိုင်ရေးကိစ္စများ၊ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေနှင့် ဝန်ထမ်းလစာတိုးမြှင့်ရေးကိစ္စရပ်များအပြင် လွှတ်တော်ဥက္ကဋ္ဌကြီးမှ ကော်မတီ ဥက္ကဋ္ဌ ဦးစိုးသာအား သီးသန့်တာဝန်ပေးအပ်သော အခြားကိစ္စ များကိုလည်း စိစစ်ဆောင်ရွက်ခဲ့ပါသည်။ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် ဦးကြည်တင့် သည် ကော်မတီ၏ လုပ်ငန်းတာဝန်များအပြင် စီမံကိန်းများနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်း ကော်မတီ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးနှင့် အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းများ စိစစ်ညှိနှိုင်းရေး ပူးပေါင်းကော်မတီများတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တာဝန်များကိုပါ တွဲဖက်ထမ်းဆောင်ခဲ့ပါသည်။ ကော်မတီ အတွင်းရေးမှူး သည် ဖွဲ့စည်းပုံပြင်ဆင်ရေးတွင် အတွင်းရေးမှူး တာဝန်ကိုပါ တွဲဖက်ထမ်းဆောင်ခဲ့ပါသည်။ ကော်မတီ ဝင်များဖြစ်ကြသည့် ဦးကြည်ပြုံး၊ ဒေါ်ခင်မွေးလွင်တို့သည် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုး တိုးတက်မှုပူးပေါင်းကော်မတီတွင် ကော်မတီ အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ကော်မတီ အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလာသော ဥပဒေကြမ်း များအပေါ် ကော်မတီမှ စိစစ်လေ့လာသုံးသပ်၍ ၂၀၁၅ ခုနှစ် ဇူလိုင်လအထိ တင်သွင်းခဲ့သည့် အစီရင်ခံစာ စုစုပေါင်း (၂၃)ခု ရှိပါသည်။

**ကော်မတီမှဆောင်ရွက်ရသည့်ဥပဒေများ**

၈။ ကော်မတီအလိုက် စိစစ်ရန်သတ်မှတ်ပေးထားသည့် ဥပဒေ (၁၆)ခု ရှိပါသည်။ အတည်ပြု ပြဋ္ဌာန်းပြီး ဥပဒေ(၁၆)ခု အပြင် ကော်မတီမှတင်သွင်းခဲ့သော အင်ဂျင်နီယာကောင်စီဥပဒေ၊

ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေတို့ကိုလည်း တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

**ပြည်သူ့လွှတ်တော်တွင် အဆို၊ မေးခွန်းမေးမြန်းဆွေးနွေးခြင်း**

၉။ ပထမအကြိမ်၊ ပြည်သူ့လွှတ်တော်တွင် ကော်မတီဝင်များ၏ အဆို၊ မေးခွန်း တင်သွင်း၊ မေးမြန်း၊ ဆွေးနွေးဆောင်ရွက်ခဲ့မှုများမှာ အစီရင်ခံစာတွင် ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

**ကော်မတီအစည်းအဝေး ကျင်းပမှုများ**

၁၀။ ကော်မတီသည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ၂၀၁၁ ခုနှစ်တွင် (၅)ကြိမ်၊ ၂၀၁၂ ခုနှစ်တွင် (၁၅)ကြိမ်၊ ၂၀၁၃ ခုနှစ်တွင် (၂၄)ကြိမ်နှင့် ၂၀၁၄ ခုနှစ်တွင် (၁၇)ကြိမ်၊ ၂၀၁၅ ခုနှစ်နိုဝင်ဘာလအထိ (၄)ကြိမ်၊ စုစုပေါင်း အကြိမ်(၆၅)ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီကို ၂၂-၁၁-၂၀၁၃ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၃) ဖြင့် ဖွဲ့စည်းခဲ့ပြီး ပူးပေါင်းအစည်းအဝေးများ (၂၇)ကြိမ် ပြုလုပ်ခဲ့ပါ သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများ စိစစ်ရေးပူပေါင်းကော်မတီကို ၂၆-၁-၂၀၁၅ အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၅)ဖြင့် ဖွဲ့စည်းပြီး ပူးပေါင်းအစည်းအဝေး (၁၅)ကြိမ် ပြုလုပ်ခဲ့ပါသည်။

၁၁။ ၎င်းအစည်းအဝေးများတွင် ဥပဒေပြုရေး၊ အမျိုးသားစီမံကိန်း ဥပဒေမူကြမ်းများနှင့် ပထမ (၆)လပတ်၊ ဒုတိယ(၆)လပတ် အစီရင်ခံစာများ၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း အစီရင်ခံစာများ၊ ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းများ၊ ဝန်ကြီးဌာနများ၏ အသုံးစရိတ်များ စိစစ်ခွင့်ပြုရေး၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေကြမ်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ လစဉ်ချီးမြှင့်ငွေ ပြင်ဆင်သတ်မှတ်နိုင်ရေး တင်ပြချက်စာတမ်းများ၊ စီမံကိန်းများနှင့်ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းရပ်များကို ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ကြပါသည်။

**ကော်မတီမှ စိစစ်ရသောဝန်ကြီးဌာနများ**

၁၂။ ကော်မတီအနေဖြင့် စီမံကိန်း၊ ဘတ်ဂျက်၊ အခွန်ဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍ စိစစ်ရသော ဝန်ကြီးဌာနများ အားလုံးနှင့် ဆက်သွယ်ဆောင်ရွက်ရပါသည်။

**ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့်တွေ့ဆုံမှုများ**

၁၃။ ကော်မတီအနေဖြင့် ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှုအနေဖြင့် စုစုပေါင်း (၄၄) ကြိမ်တွေ့ဆုံခဲ့ပြီး လွှတ်တော်ဆိုင်ရာကိစ္စရပ်များ၊ ဥပဒေဆိုင်ရာကိစ္စရပ်များနှင့် ကမ္ဘာ့ဘဏ်များမှ မြန်မာနိုင်ငံဘဏ်များနှင့် ဘဏ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များ၊ လမ်း၊ တံတား ဆိုင်ရာကိစ္စရပ်များ၊ လျှပ်စစ်ဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

**ပြည်ပလေ့လာရေး ခရီးစဉ်များ**

၁၄။ ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်၏ တာဝန်ပေးအပ်မှုအရ ပြည်ပခရီးစဉ်များ သွားရောက်ခဲ့မှု စုစုပေါင်းအနေဖြင့် (၁၆) ကြိမ် သွားရောက်ခဲ့ပြီး ဖြစ်ပါသည်။

**အလုပ်ရုံဆွေးနွေးပွဲများ**

၁၅။ ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်၏ တာဝန်ပေးအပ်မှုအရ တက်ရောက်ခဲ့သော အလုပ်ရုံဆွေးနွေးပွဲများအနေဖြင့် စုစုပေါင်း (၄၅)ကြိမ် တက်ရောက်ခဲ့ပါသည်။

**အစီရင်ခံစာများ**

၁၆။ ကော်မတီအနေဖြင့် အစီရင်ခံစာ (၁၃)ခု၊ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်း ကော်မတီအနေဖြင့် အစီရင်ခံစာ (၇)ခု၊ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းများ စိစစ်ညှိနှိုင်းရေး ပူးပေါင်းကော်မတီအနေဖြင့် အစီရင်ခံစာ (၃)ခု စုစုပေါင်းအစီရင်ခံစာ (၂၃)ခု ထွက်ရှိပြီးဖြစ်ပါသည်။

**နိဂုံး**

၁၇။ ဤကော်မတီအနေဖြင့် အဓိကတာဝန်မှာ စီမံကိန်းများ၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်သည့် ဥပဒေပြဋ္ဌာန်းခြင်း၊ အစိုးရ၏တင်ပြချက်များအပေါ် စိစစ်ဆောင်ရွက်ခြင်း၊ ပြည်သူများမှတင်ပြသည့် ဤကော်မတီဆိုင်ရာကိစ္စရပ်များကို လေ့လာသုံးသပ်တင်ပြခြင်းတို့အား ဤ လွှတ်တော်သက်တမ်းကာလအတွင်း မိမိတို့ကော်မတီ၏ အတတ်နိုင်ဆုံး ဆောင်ရွက်မှုများဖြင့် အကျိုးပြုဆောင်ရွက်ခဲ့ပါကြောင်း နိဂုံးချုပ်တင်ပြအပ်ပါသည်။

**မူကြမ်း**

**အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ စိစစ်ညှိနှိုင်းရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ စိစစ်ညှိနှိုင်းရေးကော်မတီရဲ့ အစီရင်ခံစာကို ဆွေးနွေးလိုတဲ့ကိုယ်စားလှယ်များရှိပါက ၂-၁၂-၂၀၁၅ ရက်နေ့ နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အစည်းအဝေး ဆဋ္ဌမနေ့တွင်တင်ပြခဲ့သော ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်က ဆွေးနွေးခြင်း**

**ဒုတိယဥက္ကဋ္ဌ ။** ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် တင်သွင်းခဲ့တဲ့ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူအခွင့်အရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလို ကြောင်း အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်က အမည်စာရင်း ပေးသွင်းထားပါတယ်။ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည် ဆွေးနွေးဖို့အတွက် ဖိတ်ခေါ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)။** ။ မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်ဖြစ်ပါတယ်။ လေးစားရပါသော ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေ။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူအခွင့်အရေးဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာအပေါ် အပြုသဘောနဲ့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့ ဆောင်ရွက်ချက်များကို ကျွန်တော်တို့လေ့လာတွေ့ရှိရတဲ့အခါမှာ အားရကျေနပ်မှုများလည်း ရခဲ့ပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားတဲ့ ကော်မတီများထဲမှာ ကျွန်တော်တို့ စိတ်ဝင်စားရဆုံး ကော်မတီကြီးများထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ဒီကော်မတီကို ဦးဆောင်တာဝန်ယူရတဲ့ ကော်မတီဥက္ကဋ္ဌကလည်း ကျွန်တော်တို့ အင်မတန်မှ လေးစားရတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်တယ်ဆိုတာနဲ့ ဒီကော်မတီရဲ့ဆောင်ရွက်ချက်ဟာ ဘယ်လောက်ထိ

ဆောင်ရွက် ကြမယ်။ ကျွန်တော်တို့ လွှတ်တော်ထဲကဖွဲ့စည်းထားတဲ့ ကော်မတီကြီးတွေအနေနဲ့ ဘယ်လို အစိုးရကို တိုက်တိုက်တွန်းတွန်း ဆောင်ရွက်သွားမယ်ဆိုတာတွေကို ကျွန်တော်တို့စိတ်ဝင်စားခဲ့ပါတယ်။ အဲဒီအတွက် ကော်မတီရဲ့တာဝန်တွေကို ကျွန်တော်တို့ လေ့လာကြည့်တဲ့အခါမှာဆိုရင် ဒီကော်မတီမှာ တာဝန်ကြီး (၅)ရပ်ရှိပြီးတော့မှ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်ဆိုတဲ့ အချက်တစ်ချက်ကို နံပါတ်(၁)အချက် တွေ့ရပါတယ်။ နံပါတ်(၂)မှာတော့ နိုင်ငံသားတိုင်း တန်းတူညီမျှအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ကို ခံစားခွင့်ရရှိရေးဆောင်ရွက်ပေးရမည်ဆိုတာ ပါပါတယ်။ ဒီအချက်နှစ်ချက်ဟာ ကျွန်တော်တို့ အင်မတန်မှ ကော်မတီရဲ့တာဝန်ထဲမှာ အကြိုက်ဆုံး အချက်နှစ်ချက်လို့ မှတ်ယူရပါမယ်။ ဒီ ဒုတိယအချက်ဖြစ်တဲ့ တာဝန်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ(က)မှာ ဖော်ပြထားတဲ့ နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ကို ခံစားခွင့်ရှိသည်ဆိုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖော်ပြထားတာရှိပါတယ်။ အဲဒီခံစားခွင့်ရှိတဲ့ အခွင့်အရေးကို ဒီကော်မတီက ခံစားခွင့်ရရှိရေး ဆောင်ရွက်ပေးရမည်လို့ ပါပါတယ်။ အဲဒီအတွက် ကျွန်တော်တို့က ဒီကော်မတီရဲ့ တာဝန်ကို အားရကျေနပ်ဖွယ်ရာ တွေ့ခဲ့ရပါတယ်။ အဲဒီတော့ ကော်မတီအနေနဲ့ ကော်မတီအဖွဲ့ဝင် (၁၅)ဦးနဲ့ အဖွဲ့ငယ် (၄)ဦး ဖွဲ့ပြီးတော့မှ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် နယ်မြေခွဲဝေ သတ်မှတ်ပြီး အမှုတွဲများကို လေ့လာစိစစ်ခဲ့ကြကြောင်းလည်း တွေ့ရပါတယ်။ ကော်မတီကို တိုင်စာ၊ ဝင်စာပေါင်း ၃၈၀၀ ကျော် ရှိပြီးတော့မှ အစိုးရအဖွဲ့ကို ပေးပို့စာအနေဖြင့် ၃၂၇၃ စောင် ကျွန်တော်တို့ ကြည့်ရတာမှာ လယ်ယာမြေစုံစမ်းရေးကော်မရှင်ရဲ့ တိုင်စာတွေပြီးရင် ဒီကော်မတီက တိုင်စာအများဆုံး ရနေမလားလို့အထိ ကျွန်တော်တို့ တွေးရပါတယ်။ အဲဒီမှာ ဒီတိုင်စာတွေအရ တရားလွှတ်တော်ချုပ်ကိုလည်း ၁၀၈ စောင်၊ ဝန်ကြီးဌာနအသီးသီးကိုပေးပို့တာလည်း အစောင် ၁၂၀ တွေ့ရပါတယ်။ အဲဒီတော့ အစိုးရအဖွဲ့ရုံးကနေ ပြန်ကြား စာ ၄၇၈ စောင်လည်း ရရှိခဲ့ကြောင်းသိရပါတယ်။ တရားလွှတ်တော်ချုပ်ရုံးက ပြန်ကြားစာ ၆၀၊ ကာယကံရှင်တွေကို ပြန်ကြားစာ ၉၄ စောင်၊ ကာယကံရှင်တွေတောင်မှ သူတို့အကြောင်းပြန်နေတာ အားရဖွယ်တွေ့ရပါတယ်။ ပြီးစီးမှုပေါင်းက ၃၅၀၁ စောင် ရှိတယ်ဆိုပြီးတော့ ကော်မတီမှာဆောင်ရွက်ရန် ကျန်ရှိခြင်းမရှိကြောင်း အစီရင်ခံစာထဲမှာ တင်ပြထားတာတွေ့ရပါတယ်။ ဒါဟာ ဒီကော်မတီရဲ့ ဆောင်ရွက်ချက်၊ ဒီလောက်ဆောင်ရွက်ခဲ့တယ်ဆိုတာ ကျွန်တော်တို့ ဒီအစီရင်ခံစာတင်တော့မှပဲ သိရတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့

အနေနဲ့ကတော့ ဒီကော်မတီကို ကျွန်တော်တို့ ကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ ဆောင်ရွက်ခြင်းက ဆောင်ရွက်လို့ မတတ်နိုင်တဲ့ကိစ္စများကို ဒီကော်မတီရဲ့အားကို ယူပြီးတော့မှ ဆောင်ရွက်ချင်တဲ့ဆန္ဒတွေ ရှိခဲ့ပါတယ်။ ကျွန်တော်တို့ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနဲ့ ပတ်သက်ပြီးတော့မှ လွှတ်တော်ကို အဆိုများ၊ မေးခွန်းများ တင်သွင်းတဲ့အခါမှာ အစိုးရရဲ့ဖြေရှင်း ဆောင်ရွက်မှု တစ်စုံတစ်ရာအားနည်းချက်တွေရှိခဲ့မယ်ဆိုရင် ဒီကော်မတီက ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား၊ တခြားကော်မတီများကိုယ်စား အစိုးရကို ထိန်းကျောင်း၊ ထိန်းညှိပေးဖို့ ဆောင်ရွက်စေလိုတဲ့ဆန္ဒရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များထဲမှာဆိုရင် (၁၂)ကြိမ်မြောက်မှာ သယံဇာတန်းကျွန်းမဲဆန္ဒနယ်မှလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး နဲ့ပတ်သက်ပြီးတော့ သာယာဝတီအကျဉ်းထောင်မှာ ရောက်ရှိနေတဲ့ ဝန်းရံပြည်သူများ၊ ကျောင်းသား များ သူတို့အမှုစစ်ဆေးနေဆဲမှာ လွှတ်ပေးဖို့ အဆိုတွေတင်ထားခဲ့တာတွေရှိပါတယ်။ ဒါပေမယ့် အခု (၁၃)ကြိမ်မြောက်မှာလည်း မပါဘူးလို့ သိပါတယ်။ ဒါလူ့အခွင့်အရေးဆုံးရှုံးမှုနဲ့ ပတ်သက်ပြီး တင်ပြချက်၊ ဒီလိုကိစ္စမျိုးမှာ လွှတ်တော်ကိုယ်စားလှယ်တွေကလည်း အခွင့်အရေးဆုံးရှုံးခဲ့သည်ရှိလျှင် ဒီကော်မတီအနေနဲ့ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒီကော်မတီရဲ့ သုံးသပ်အကြံပြုချက်ကို ဖတ်ကြည့်တဲ့အခါမှာ အင်မတန်မှလေးစားပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် မဲဆန္ဒရှင်ပြည်သူများရဲ့ လိုအပ်ချက်များ၊ ဒေသဖွံ့ဖြိုးရေး၊ တိုးတက်ရေးဆိုင်ရာလိုအပ်ချက်များ၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ လူ့အခွင့်အရေးဆိုင်ရာ အပါ အဝင် အထွေထွေ ဒေသဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလိုအပ်ချက်များကို ပြည်သူ့လွှတ်တော်သို့ တက်ကြွစွာ တင်ပြဆွေးနွေးခဲ့ကြပါတယ်။ ပြည်သူ့လွှတ်တော်၏ဆောင်ရွက်ချက်များသည် ဒီမိုကရေစီကျင့်စဉ်ကို ဖော်ဆောင်ရာတွင် အသွင်သဏ္ဍာန်ရော၊ အနှစ်သာရအရပါ လေးနက်ပီပြင်လာသောကြောင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းအသီးသီးမှ ဂုဏ်ပြုမှတ်တမ်းတင်သူများလည်း ရှိနေပါတယ်လို့ ဖော်ပြ ထားပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ အခု ဒီကော်မတီရဲ့ တာဝန်ပိုင်းမှာဆောင်ရွက်ဖို့ အခွင့်အရေးရှိထားတဲ့၊ တာဝန်ပိုင်းမှာရှိနေတဲ့ တာဝန်တွေကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းတွေမှာ တင်ပြစရာတွေရှိနေကြပါမယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အကျဉ်းထောင် မှာရောက်ရှိနေတဲ့ ကျောင်းသားတွေ၊ မီဒီယာသမားတွေ၊ ဝန်းရံပြည်သူတွေ။ ဒီကျောင်းသားတွေဟာ ဆိုရင် အမျိုးသားပညာရေးဥပဒေကို ကန့်ကွက်ဆန္ဒပြရင်းနဲ့ ရောက်ခဲ့ကြတာဖြစ်တယ်။ အခု အမျိုးသားပညာရေးဥပဒေလည်း အတည်ပြုခဲ့ပြီဖြစ်ပါတယ်။ ဒါပေမယ့် အခုထက်ထိဖြေလျှော့ပေးနိုင်

ခြင်း မရှိခဲ့ပါဘူး။ ဘာကြောင့် ကျွန်တော်ဒီလိုပြောရတာလည်းဆိုရင် ကျွန်တော်တို့ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီအနေနဲ့ မီဒီယာများကို ထောင်ချမှုတွေ၊ အရေးယူမှုတွေ ကြုံတဲ့အခါတုန်းက ကျွန်တော်တို့ဟာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စု လွှတ်တော် နာယကကို ကျွန်တော်တို့အနေနဲ့ တိုက်တွန်းပြီးတော့မှ ဖြေလျှော့ပေးနိုင်ဖို့ ကျွန်တော်တို့ ကော်မတီအနေနဲ့ အစီရင်ခံစာတင်ခဲ့ပါတယ်။ ဒီအစီရင်ခံစာကနေ ပြည်ထောင်စုလွှတ်တော် နာယက ကနေ သမ္မတဆီကို သဝဏ်လွှာပေးပို့ပြီးတော့မှ ဆောင်ရွက်ခဲ့တာတွေလည်း ရှိခဲ့ပါတယ်။ အဲဒီအတွက် ကော်မတီတွေကနေ လွှတ်တော်ရဲ့အားယူပြီးတော့မှ အစိုးရကို တိုက်တွန်းဆောင်ရွက်ပေးဖို့ လိုအပ် တယ်လို့ ကျွန်တော်တို့မြင်ပါတယ်။ အဲဒီအတွက် ကျွန်တော်တို့အနေနဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး ဆိုင်ရာကိစ္စရပ်များတွေမှာ အားနည်းချက်တွေရှိနေတာတွေကို ဒီကော်မတီအနေနဲ့ ထောက်ပြပြီးတော့ မှ ဆောင်ရွက်စေလိုပါတယ်။ ကျွန်တော်တို့ကြားနေရတဲ့ မြင်းခြံထောင်မှာဆိုရင် လူ့အခွင့်အရေးတွေ ဆုံးရှုံးနေတယ် ဒါတွေကြားရပါတယ်။ အဲဒီတော့ တချို့ထောင်တွေမှာ အခွင့်အရေးဆုံးရှုံးမှုရှိ/မရှိကို ဒီကော်မတီတွေအနေနဲ့ ကွင်းဆင်းဆောင်ရွက်ရာမှာ ရောက်ခဲ့သလား၊ မရောက်ခဲ့ဘူးလားဆိုတာ ဒီ အစီရင်ခံစာမှာတော့ မတွေ့ရပါဘူး။ ကျွန်တော်တို့အနေနဲ့တော့ သွားစေချင်ပါတယ်။ ကော်မတီရဲ့ သက်တမ်းကျန်သေးတဲ့ ကာလတွေမှာ သွားပြီးတော့မှ နောက်ဆက်တွဲ ဆောင်ရွက်ပေးစေလိုပါတယ်။ မီဒီယာသမားတချို့ဟာ ဘုရားမှာ ဆုတောင်းပွဲပြုလုပ်ရာမှာ ဖမ်းဆီးခံထားရတယ်၊ တရားစွဲဆိုခံထား ရဆဲလို့လည်း သိရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဟာ နိုင်ငံသားတို့ရဲ့အခွင့်အရေးတွေ ဘယ်လောက်ထိ ပြည့်ပြည့်ဝဝခံစားကြရတယ်။ ဆုံးရှုံးနေတဲ့နေရာတွေ ဘယ်လောက်ရှိသလဲ။ ကော်မတီရဲ့တာဝန်ထဲမှာ နိုင်ငံသားတိုင်း တန်းတူညီမျှအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ကို ခံစားခွင့်ရရှိရေး ဆောင်ရွက်ပေးရမယ်ဆိုတဲ့အခါမှာ စစ်ဘေးရှောင်ဒုက္ခသည်များ စခန်းအသီးသီးမှာရှိနေကြတဲ့ နိုင်ငံသားများဟာ ဒုက္ခသည်များဘဝနဲ့ တန်းတူညီမျှအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ကို ခံစားခွင့်ဆုံးရှုံးနေကြရတာ ရှိနေတယ်လို့ သိကြရပါတယ်။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းထားတဲ့ လွှတ်တော်၊ ပြည်သူ့လွှတ်တော် ထိုမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်တို့ရဲ့အားကို ယူပြီး ဤပြည်သူ့လွှတ်တော် နိုင်ငံသားများရဲ့ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနဲ့ လူအခွင့်အရေး ဆိုင်ရာကော်မတီမှ လူ့အခွင့်အရေးဆုံးရှုံးမှုများ၊ တရားမျှတမှုအခွင့်အရေးများဆုံးရှုံးမှုများကို ရှိနေတဲ့ အခြေအနေများကို ပြန်လည်သုံးသပ်စာရင်းကောက်ယူပြီးတော့မှ နောက်ဆက်တွဲအစီရင်ခံစာ

တစ်စောင် ထပ်တင်သင့်ပါတယ်လို့ လေးစားစွာနဲ့ အပြုသဘော ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံသားများရဲ့ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနဲ့ လူ့အခွင့်အရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများကို ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းဖို့အတွက် ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကျော်ခင်(အဖွဲ့ဝင်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ)**။ ။ လေးစာအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဝင်၊ ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ခင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့မှာ တင်ပြခဲ့တဲ့ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်မှ သဘောတူလက်ခံမှတ်တမ်းတင်ပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားကို ရယူပါမယ်။ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**အစည်းအဝေး ဆဋ္ဌမနေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမ အကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် တင်ပြခဲ့သော လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန်အဆို တင်သွင်းခြင်းနှင့်အတည်ပြုချက် ရယူခြင်းများ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အဆိုတင်သွင်းရန်အတွက် ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာတင်မောင်ကြိုင်(အဖွဲ့ဝင်၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော် အစည်းအဝေး ဆဋ္ဌမနေ့မှာ တင်သွင်းခဲ့တဲ့ ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ ဆောင်ရွက်ခဲ့သော လုပ်ငန်းများနှင့်ပတ်သက်သော အစီရင်ခံစာအား လွှတ်တော်မှ အတည်ပြုပေးပါ ရန် ကျွန်တော် ကြံခင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ လူမှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် ဒေါက်တာတင်မောင်ကြိုင်မှ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ အဆိုပြုအပ်ပါ တယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားကို ရယူပါမယ်။ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဘဏ္ဍာရေးဝန်ကြီးဌာနက ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို တင်သွင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅၊ နည်းဥပဒေခွဲ(က)အရ ဘဏ္ဍာရေးဝန်ကြီးဌာနက

ပြည်သူ့ကျေးမြို့စီမံခန့်ခွဲမှုဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့အတွက် ဘဏ္ဍာရေးဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်ဖြစ်ပါတယ်။ နိုင်ငံတော်က ရယူတဲ့ ပြည်တွင်း/ပြည်ပ ကျေးမြို့များနှင့်စပ်လျဉ်းပြီးတော့ လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများ၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ကျေးမြို့စီမံခန့်ခွဲခြင်း၊ နိုင်ငံတော်၏ အာမခံချက်များ၊ ကျေးမြို့ပြုစုခြင်း၊ အစီရင်ခံခြင်းလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ပြည်သူ့ကျေးမြို့စီမံခန့်ခွဲမှုဥပဒေကြမ်းကို ရေးဆွဲခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ပြည်တွင်း/ပြည်ပကျေးမြို့များအား စနစ်တကျစီမံခန့်ခွဲရန်ရေးဆွဲခဲ့သည့် ပြည်သူ့ကျေးမြို့စီမံခန့်ခွဲမှုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှ လက်ခံဆွေးနွေးပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပြည်သူ့ကျေးမြို့စီမံခန့်ခွဲမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅၊ နည်းဥပဒေခွဲ(ခ) အရ ပြည်သူ့ကျေးမြို့စီမံခန့်ခွဲမှုဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့အတွက် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန်ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်သူ့ကျေးမြို့စီမံခန့်ခွဲမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်ခင်ဗျား။

**မူကြမ်း**

လေးစားအပ်သော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ပြည်သူ့ကျွေးမြီစီမံခန့်ခွဲမှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၈၀၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့ လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးမှ ပေးပို့လာပါသည်။

၂။ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကြမ်းကို နိုင်ငံတော်ကရယူသည့် ပြည်တွင်းပြည်ပကြွေးမြီများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တို့က လိုက်နာ ဆောင်ရွက်ရန် နည်းလမ်းများ၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ကြွေးမြီစီမံခန့်ခွဲခြင်း၊ နိုင်ငံတော်၏ အာမခံ ချက်များ၊ ကြွေးမြီပြုစုခြင်း အစီရင်ခံစာများအတွက် အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၅-၁၁-၂၀၁၅ ရက်နေ့တွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံ ရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာတွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များကို လွှတ်တော် ကိုယ်စားလှယ်များထံ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၂ မှ ၂၂ အထိ ပြုစုဖြန့်ဝေထားပြီးဖြစ်၍ ဖတ်ကြားတင်ပြခြင်းမပြုလုပ်တော့ပါ။ ဖတ်ကြားတင်ပြခြင်းမပြုတာကို ဒုတိယဥက္ကဋ္ဌကြီးမှ ခွင့်ပြုပေး နိုင်ပါရန် တင်ပြအပ်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

(၁) ဤဥပဒေကြမ်း အခန်း (၁၄) ခန်းနှင့် အပိုဒ်ပေါင်း (၄၆)ခု ပါရှိပါသည်။

(၂) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ (ဃ) နှင့် အပိုဒ်ခွဲ (တ)၊ အပိုဒ် ၇၊ အပိုဒ် ၁၅ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၁ အပိုဒ်ခွဲ(က)၊ အခန်း(၁၂)ခေါင်းစဉ်၊ အပိုဒ် ၄၀၊ အပိုဒ် ၃၇၊ အပိုဒ် ၄၁ အပိုဒ်ခွဲ (ခ)၊ အပိုဒ် ၄၂ အပိုဒ်ခွဲ (က)နှင့် အပိုဒ် ၄၅ တို့တွင်ပါရှိသော ဘဏ္ဍာရေးဝန်ကြီး ဌာနစကားရပ်ကို ဝန်ကြီးဌာနဟု ပြင်ဆင်ပါသည်။

(၃) အပိုဒ် ၂ အပိုဒ်ခွဲ(စ)နှင့် အပိုဒ်ခွဲ(ဈ)တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက် ပါသည်-

၂(စ) ဗဟိုအဖွဲ့အစည်းဆိုသည်မှာ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ကိုဆိုသည်။

(ဈ) တစ်ခုတည်းသော ငွေတိုက်စာရင်းဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထိန်းသိမ်းထားရှိသော ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်းနှင့် တစ်ခုတည်းသော ငွေတိုက်စာရင်းနှင့် ဆက်စပ်သော အခြားငွေစာရင်းများပါဝင်သည့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းကိုဆိုသည်။

(၄) အပိုဒ် ၂ အပိုဒ်ခွဲ(ဆ)ကို အပိုဒ်ခွဲ(ဇ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို ဘဏ္ဍာရေးနှစ်ဆိုသည်မှာ နှစ်တစ်နှစ်၏ ဧပြီလ ၁ ရက်တွင်စ၍နောက်နှစ် မတ်လ ၃၁ ရက်တွင်ပြီးဆုံးသော ကာလအပိုင်းအခြားကိုဆိုသည်။

(၅) အပိုဒ် ၂ အပိုဒ်ခွဲ(ဇ)ကို ပယ်ဖျက်ပါသည်။

(၆) အပိုဒ် ၂ အပိုဒ်ခွဲ(ဈ)ကို အပိုဒ်ခွဲ(ည)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို အစိုးရငွေချေးသက်သေခံလက်မှတ်များဆိုသည်မှာ အစိုးရငွေတိုက်လက်မှတ်၊ အစိုးရငွေတိုက်စာချုပ်၊ ပြည်ပသို့ ထုတ်ဝေရောင်းချသည့် ငွေတိုက်စာချုပ်နှင့် ကတိစာချုပ်တို့ကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(၇) အပိုဒ် ၂ အပိုဒ်ခွဲ(ည)ကို အပိုဒ်ခွဲ(ဋ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို အစိုးရကြွေးမြီဆိုသည်မှာ ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် လက်အောက်ခံအဖွဲ့အစည်းများက ငွေချေးယူမှုကြောင့်သော်လည်းကောင်း သို့မဟုတ် ငွေပေးရန် ကတိပြုချက်အရသော်လည်းကောင်း သို့မဟုတ် နိုင်ငံတော်၏အာမခံထားသည့် ကြွေးမြီကြောင့်သော်လည်းကောင်း ဖြစ်ပေါ်လာသည့် ငွေရေးကြေးရေးဆိုင်ရာပေးရန် တာဝန်များအားလုံးကိုဆိုသည်။ အဆိုပါ ငွေရေးကြေးရေးဆိုင်ရာပေးရန်တာဝန်များတွင် ဤဥပဒေပုဒ်မ ၂၄ ပုဒ်မခွဲ(က)တွင် ဖော်ပြပါရှိသည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းဥပဒေအရ

တည်ထောင်ထားသော နိုင်ငံတော်ပိုင်ဘဏ်များထံမှ ငွေချေးယူခြင်းများမပါဝင်ဟု ပြင်ဆင်ပါသည်။

(၈) အပိုဒ် ၂ အပိုဒ်ခွဲ(ဋ)ကို အပိုဒ်ခွဲ(ဌ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ပြည်သူ့ကြွေးမြီဆိုသည်မှာ အစိုးရကြွေးမြီအရ ပေးရန်တာဝန်များနှင့် နိုင်ငံတော်က အာမခံထားသည့် ကြွေးမြီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက ငွေချေးယူခြင်းကြောင့် ဖြစ်ပေါ်လာသော ငွေရေးကြေးရေးဆိုင်ရာပေးရန် တာဝန်များကိုဆိုသည်ဟုပြင်ဆင်ပါသည်။

(၉) အပိုဒ် ၂ အပိုဒ်ခွဲ(ဌ)ကို အပိုဒ်ခွဲ(ဍ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းစကားရပ်ကို မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းဟုပြင်ဆင်ပြီး၊ အာမခံပုံစံများ စကားရပ်ကို အာမခံသဘောသက်ရောက်သော အခြားပုံစံများဟု ပြင်ဆင်ပါသည်။

(၁၀) အပိုဒ် ၂ အပိုဒ်ခွဲ(ဍ)ကို အပိုဒ်ခွဲ(ဎ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဆိုသည်မှာ ဤဥပဒေတွင် ဖော်ပြပါရှိသည့် ပြည်သူ့ကြွေးမြီနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲမှုကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(၁၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဎ)ကို အပိုဒ်ခွဲ(ဏ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ငွေချေးယူခြင်းဆိုသည်မှာ ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ၎င်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း များက ချေးငွေစာချုပ်ချုပ်ဆို၍ဖြစ်စေ အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချ၍ဖြစ်စေ ငွေချေးယူခြင်းနှင့် အစိုးရအာမခံချက်အရ ပေါ်ပေါက်လာသည့် ပေးရန်တာဝန်များကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(၁၂) အပိုဒ် ၂ အပိုဒ်ခွဲ(ဏ)ကို အပိုဒ်ခွဲ(တ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော ဥပဒေအရဖြစ်စေ ကိုယ်စားလှယ် လွှဲအပ်ခြင်းသဘောတူ စာချုပ်အရဖြစ်စေ စကားရပ်ကို ဤဥပဒေအရဖြစ်စေ ကိုယ်စားလှယ် လွှဲအပ်ခြင်းဆိုင်ရာ သဘောတူစာချုပ်အရ ဖြစ်စေဟု ပြင်ဆင်ပြီး၊ ပြည်ပမှ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်

ရေးကုမ္ပဏီ စကားရပ်ကို ပြည်ပငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီတစ်ရပ်ရပ်ဟု ပြင်ဆင်ပါသည်။

(၁၃) အပိုဒ် ၂ အပိုဒ်ခွဲ(တ)ကို အပိုဒ်ခွဲ(ထ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ငွေရေးကြေးရေးအဖွဲ့အစည်းများဆိုသည်မှာ မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ ဖွဲ့စည်းတည်ထောင်၍ ငွေရေးကြေးရေး အဖွဲ့အစည်းများဟု သတ်မှတ်ဖော်ပြသည့် အဖွဲ့အစည်းများကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(၁၄) အပိုဒ် ၂ အပိုဒ်ခွဲ(ထ)ကို အပိုဒ်ခွဲ(ဒ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော တစ်ဆင့်ခံရောင်းချသူများ စကားရပ်ကို တာဝန်ခံ၍ တစ်ဆင့်ခံဖြန့်ချိရောင်းချသူများဟုပြင်ဆင်ပြီး ဈေးကွက်တွင် စကားရပ်ကို ဈေးကွက်များတွင်ဟု ပြင်ဆင်ပါသည်။

(၁၅) အပိုဒ် ၂ အပိုဒ်ခွဲ(ဒ) ကို အပိုဒ်ခွဲ(ဓ) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော ကျခံရမည့် ကုန်ကျစရိတ်များအတွက် ပေးချေမှုများအားလုံး စကားရပ်ကို ကျခံရမည့်စရိတ်များအတွက် ပေးချေမှုများဟု ပြင်ဆင်ပါသည်။

(၁၆) အပိုဒ် ၂ အပိုဒ်ခွဲ(န)ကို အပိုဒ်ခွဲ(ပ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော ဖွဲ့စည်းသောအဖွဲ့စကားရပ်ကို ဖွဲ့စည်းသောကော်မတီ သို့မဟုတ် အဖွဲ့ဟု ပြင်ဆင်ပါသည်။

(၁၇) အခန်း(၂)ခေါင်းစဉ်ကို ငွေချေးယူခြင်းအတွက် အခွင့်အာဏာအပ်နှင်းခြင်းနှင့် ငွေချေးယူခြင်းဟု ပြင်ဆင်ပါသည်။

(၁၈) အခန်း(၂) အပိုဒ် ၃ နှင့် အပိုဒ် ၄ တို့ကို ပယ်ဖျက်ပါသည်။

(၁၉) အပိုဒ် ၅ ကို အပိုဒ် ၇ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို ဝန်ကြီးသည် ဤဥပဒေပါ တာဝန်ဝတ္တရားအချို့ကို ဆောင်ရွက်ရန်သတ်မှတ်ချက်များနှင့်အညီ နှစ်ဘက်သဘောတူစာချုပ်အရ ကိုယ်စားလှယ်ခန့်အပ် ဆောင်ရွက်ပိုင်ခွင့်ရှိသည်ဟု ပြင်ဆင်ပါသည်။

(၂၀) အပိုဒ် ၆ ကို အပိုဒ် ၃ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃။ အစိုးရအဖွဲ့သည် နိုင်ငံတော်ကိုယ်စား ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် အောက်ပါကိစ္စရပ်များအတွက် ပြည်တွင်း သို့မဟုတ် ပြည်ပမှ ငွေချေးယူနိုင်သည်-

(က) နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းလိုငွေကို ဖြည့်ဆည်းခြင်း၊

(ခ) စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုများအတွက် ရန်ပုံငွေဖြည့်ဆည်းပေးခြင်း၊

(ဂ) တစ်ခုတည်းသော ငွေတိုက်စာရင်းရှိ မြီရှင်လက်ကျန်ပမာဏ(Credit Balance) ကို ဝန်ကြီးက သတ်မှတ်ထားသော ပမာဏအတွင်း ထိန်းသိမ်းထားရှိခြင်း၊

(ဃ) ကြွေးမြီများကို ပြန်လည်ညှိနှိုင်းဖွဲ့စည်းရန် သို့မဟုတ် ပေးချေရမည့်ရက်မတိုင်မီ ကြိုတင်ပေးဆပ်ခြင်း၊

(င) ဗဟိုဘဏ်က ထိန်းသိမ်းထားရှိသော နိုင်ငံခြားသုံး သီးသန့်ရန်ပုံငွေကို လိုအပ်သည့်အခါ ဖြည့်တင်းခြင်း၊

(စ) အစိုးရ၏ အာမခံထားရှိမှုအောက်မှ ကျန်ရှိသည့် ပေးရန်တာဝန်များကို ပေးချေခြင်း၊

(ဆ) တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများနှင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည့် အခြားအဖွဲ့အစည်းတစ်ရပ်ရပ်သို့ အစိုးရချေးငွေ သို့မဟုတ် အကြွေးအဖြစ် ထုတ်ချေးခြင်း ၊

(ဇ) သဘာဝ သို့မဟုတ် ပတ်ဝန်းကျင်ဆိုင်ရာဘေးအန္တရာယ် သို့မဟုတ် နိုင်ငံတော်၏ အရေးပေါ်အခြေအနေ တစ်ရပ်ရပ်ကြောင့် ပေါ်ပေါက်လာသည့် အကျိုးသက်ရောက်မှုများကို ဆောလျင်စွာ အကာအကွယ်ပေးရေး၊ လျှော့ချရေး သို့မဟုတ် တိုက်ဖျက်ရေးတို့ကို ဆောင်ရွက်ခြင်း၊

(ဈ) ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွင် သတ်မှတ်ထားသည့် အခြားကိစ္စတစ်ရပ်ရပ်ကို ဘဏ္ဍာငွေ ဖြည့်ဆည်းခြင်း။

(၂၁) အပိုဒ် ၇ ကို ပယ်ဖျက်ပါသည်။

(၂၂) အပိုဒ် ၄၊ အပိုဒ် ၅ နှင့် အပိုဒ် ၆ တို့ကို အောက်ပါအတိုင်း အသစ် ဖြည့်စွက်ပါသည် -

မူကြမ်း

၄။ ဤအခန်းပါ ကိစ္စရပ်များအတွက် ချေးယူခဲ့သည့် ငွေများကို ဤဥပဒေနှင့်အညီ အစိုးရအဖွဲ့က အတည်ပြုထားသည့် ငွေချေးယူသည့် ကိစ္စရပ်များအတွက်သာ ကျခံသုံးစွဲရမည်။

၅။ ဝန်ကြီးသည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ၏ ငွေချေးယူခြင်းအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ချေးငွေစာချုပ်များချုပ်ဆိုခြင်း၊ အစိုးရ ချေးငွေ သက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်း သို့မဟုတ် အခြားသော ချေးငွေဆိုင်ရာ သဘောတူညီချက်များတွင် ပါဝင်ဆောင်ရွက်ခြင်းနှင့် အစိုးရအာမခံ စာချုပ်များထုတ်ပေးခြင်းဖြင့် ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ပြည်တွင်းငွေကြေး ခြင်းသော်လည်းကောင်း၊ နိုင်ငံခြား ငွေကြေးဖြင့်သော်လည်းကောင်း ငွေချေးယူခြင်းကိုဆောင်ရွက်နိုင်သည်။ ထိုသို့ချေးယူခြင်းသည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ရည်ရွယ်ချက်များနှင့် ကန့်သတ်ချက်များနှင့်အညီဖြစ်ရမည်။

၆။ အစိုးရအဖွဲ့သည် ဤအခန်းပါ ကိစ္စရပ်များ အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် ဝန်ကြီးအားလုပ်ပိုင်ခွင့်အာဏာအပ်နှင်းနိုင်သည်။ ဝန်ကြီးသည် ဤအခန်းပါ ကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်ရာတွင် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

(၂၃) အပိုဒ် ၈ တွင် ပါရှိသော ဘဏ္ဍာရေးဝန်ကြီးဌာနသည် အစိုးရကြွေးမြီအပေါ် မြီရှင်များ၏ ငွေတောင်းခံလာမှုကိုနိုင်ငံတော်၏ စကားရပ်ကို ဤဥပဒေပါ ငွေချေးယူခြင်းအတွက် ပေးရန်တာဝန်ကျရောက်လာမှုကို အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များ နှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် သက်ဆိုင်ရာဟု ပြင်ဆင် ပါသည်။

(၂၄) အခန်း (၃) ခေါင်းစဉ်ကို ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှု ရည်ရွယ်ချက်ဟု ပြင်ဆင်ပါသည်။

(၂၅) အခန်း (၃) အပိုဒ် ၉ ကို ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု၏ ရည်ရွယ်ချက်များမှာ အစိုးရ၏ ဘဏ္ဍာငွေဖြည့်ဆည်းရန် လိုအပ်ချက်များနှင့် ၎င်း၏ရေတိုရေရှည် ငွေပေးချေရန် တာဝန်များကို ဆုံးရှုံးနိုင်ခြေနှင့်အတူ ကုန်ကျစရိတ်အနည်းဆုံးဖြစ်ရန်နှင့် အစိုးရ ငွေချေးသက်သေခံလက်မှတ်များနှင့်စပ်လျဉ်းသော ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ပေးရန်တို့ဖြစ်သည်ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၂၆) အပိုဒ် ၁၀ ကို အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

၁၀။ ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဆိုရာတွင် အစိုးရကြွေးမြီများအတွက် ကာလလတ် ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာချမှတ်ခြင်းနှင့် ပြည်သူ့ကြွေးမြီတစ်ရပ်လုံးအတွက် စာရင်းမှတ်တမ်းများကောင်းမွန်စွာ ထိန်းသိမ်းထားရှိခြင်းတို့ပါဝင်သည်။

(၂၇) အခန်း(၄) အစိုးရကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာချမှတ်ခြင်းအခန်းခေါင်းစဉ် အသစ်ဖြည့်စွက်ပါသည်။

(၂၈) အခန်း(၃) အပိုဒ် ၁၀ ကို အခန်း(၄) အပိုဒ် ၁၁ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို အစိုးရကြွေးမြီအတွက် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာကို အနည်းဆုံး နောက်ဘဏ္ဍာရေးနှစ် သုံးနှစ်ကာလအတွက် ဝန်ကြီးဌာနက နှစ်စဉ်ပုံမှန်ရေးဆွဲ၍ အစိုးရအဖွဲ့၏ ခွင့်ပြုချက်နှင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရမည်ဟုပြင်ဆင်ပါသည်။

(၂၉) အပိုဒ် ၁၁ ကို အပိုဒ် ၁၂ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ် ခြေဆင်းကို အစိုးရ ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာကို ချမှတ်ဆောင်ရွက်ရာတွင် ပုဒ်မ ၃ တွင် ဖော်ပြထားသောကိစ္စရပ်များအပေါ် အခြေခံရမည်ဖြစ်ပြီး အောက်ပါကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရမည်ဟု ပြင်ဆင်ပါသည်။

(၃၀) အပိုဒ် ၁၂ ကို အပိုဒ် ၁၃ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပါရှိသော ပြည်သူ့ကြွေးမြီ စကားရပ်ကို အစိုးရကြွေးမြီဟု ပြင်ဆင်ပါသည်။

(၃၁) အပိုဒ် ၁၂ အပိုဒ်ခွဲ (က)ကို အပိုဒ် ၁၃ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ကြွေးမြီအရပ်ရပ်နှင့်စပ်လျဉ်း၍ အန္တရာယ်ကျရောက်နိုင်မှုသည် သင့်တင့်လျောက်ပတ်သည့် အတိုင်းအတာတွင်ရှိကြောင်း သေချာမှုရှိစေရန် အစိုးရကြွေးမြီအရပ်ရပ်၏ အချိုးအစားနှင့် ကြွေးမြီသစ်များရယူခြင်းတို့အတွက် လမ်းညွှန်မှုတင်ပြချက်နှင့် ရည်ရွယ်ချက် သတ်မှတ်ခြင်းများဟု ပြင်ဆင်ပါသည်။

(၃၂) အပိုဒ် ၁၂ အပိုဒ်ခွဲ (ခ)ကို အပိုဒ် ၁၃ အပိုဒ်ခွဲ (ခ) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို အစိုးရငွေချေးသက်သေခံလက်မှတ်များ၏ ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးမှုကို မြှင့်တင်ပေးရန် အစီအမံများဟု ပြင်ဆင်ပါသည်။

(၃၃) အပိုဒ် ၁၂ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၁၃ အပိုဒ်ခွဲ(ဂ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော အာမခံချက်များ စကားရပ်ကို ချေးငွေအာမခံချက်များဟု ပြင်ဆင်ပါသည်။

(၃၄) အပိုဒ် ၁၃ ကို အပိုဒ် ၁၄ အဖြစ် အောက်ပါအတိုင်းပြင်ဆင်ပါသည် -

၁၄။ ဝန်ကြီးက အဆိုပြုတင်သွင်းပြီး အစိုးရအဖွဲ့က အတည်ပြုသော အစိုးရကြွေးမြီ စီမံခန့်ခွဲမှု မဟာဗျူဟာသည်-

(က) လာမည့် ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာဥပဒေနှင့် လိုက်လျောညီထွေရှိရမည်။

(ခ) သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အစထက် နောက်မကျစေဘဲ ထုတ်ပြန် ကြေညာပြီး ဖြစ်ရမည်။

(ဂ) အတည်ပြုပြီးချိန်မှစ၍ အစိုးရငွေချေးယူမှုနှင့် အခြားကြွေးမြီစီမံခန့်ခွဲမှု လုပ်ဆောင်ချက်များကို ယင်းမဟာဗျူဟာနှင့်အညီ ဆောင်ရွက်ရမည်။

(၃၅) အခန်း(၄)ကို အခန်း(၅)အဖြစ် ပြင်ဆင်ပြီး အခန်းခေါင်းစဉ်ကို အစိုးရအဖွဲ့မှ ငွေချေးယူခြင်းနှင့် ကြွေးမြီစီမံခန့်ခွဲမှုဟု ပြင်ဆင်ပါသည်။

(၃၆) အပိုဒ် ၁၅ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

၁၅။ အစိုးရအဖွဲ့မှ ငွေချေးယူခြင်းတွင် ပြည်တွင်းဈေးကွက်၌ အစိုးရငွေချေး သက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်း၊ ပြည်ပတွင် အစိုးရငွေချေး သက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းနှင့် မြန်မာနိုင်ငံအတွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ ငွေချေးစာချုပ်များချုပ်ဆို၍ ငွေချေးယူခြင်းတို့ပါဝင်သည်။ အစိုးရ အဖွဲ့က ငွေချေးယူခြင်းသည် ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေတွင် သတ်မှတ်ဖော်ပြသည့် ပမာဏ အတွင်း ဖြစ်ရမည်။

(၃၇) အပိုဒ် ၁၄ နှင့် အပိုဒ် ၁၅ တို့ကို အပိုဒ် ၁၆အဖြစ် အောက်ပါအတိုင်းပြင်ဆင်ပါသည်-

၁၆။ ပြည်တွင်းဈေးကွက်တွင် အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေ ရောင်းချ၍ ငွေချေးယူခြင်းကို အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ဝန်ကြီးမှ ကြိုတင်ဆုံးဖြတ်ချက် ချမှတ်ပြီးနောက် နိုင်ငံတော်၏ကိုယ်စား ဝန်ကြီးဌာနသည် အစိုးရငွေချေးသက်သေခံလက်မှတ်များ၏ အမျိုးအစား နှင့် အင်္ဂါရပ်များကိုဆုံးဖြတ်ပြီး အစိုးရငွေချေး သက်သေခံလက်မှတ်များကို ထုတ်ဝေရောင်းချခြင်း၊

(ခ) အစိုးရငွေချေးသက်သေခံလက်မှတ်များ လေလံတင်ရောင်းချခြင်း၊ အစိုးရငွေချေးသက်သေခံ လက်မှတ်ဝယ်ယူရန် ဖွဲ့စည်းထားသည့် စုပေါင်းအဖွဲ့အစည်းသို့ရောင်းချခြင်း သို့မဟုတ် ဝန်ကြီးက အတည်ပြုထားသော အခြားနည်းလမ်းဖြင့် ရောင်းချခြင်းတို့ကို သတ်မှတ်ထားသည့် စာရင်းမှတ်တမ်းသွင်းသည့် ပုံစံဖြင့်သာ ထုတ်ဝေရောင်းချခြင်း၊

(ဂ) အစိုးရငွေချေးသက်သေခံလက်မှတ်များကို လေလံတင် ရောင်းချရာတွင် ဝန်ကြီးက အတည်ပြုထားသည့် အချိန်ဇယားနှင့်အညီ ပြုလုပ်ခြင်း၊

(ဃ) အတည်ပြုထားသည့် အချိန်ဇယားကို ကြိုတင်ထုတ်ပြန်ရမည်ဖြစ်ပြီး ယင်းတွင် ထုတ်ဝေရောင်းချမည့် နေ့ရက်၊ ငွေချေးသက်သေခံလက်မှတ် အမျိုးအစားနှင့် သက်တမ်း၊ ထုတ်ဝေရောင်းချမည့်အများဆုံးပမာဏတို့ ပါဝင်ခြင်း၊

(င) ဝန်ကြီးဌာနသည် ဝန်ကြီးက အတည်ပြုထားသည့် အစိုးရငွေချေး သက်သေခံလက်မှတ်များကိုလေလံတင်ရန်နှင့်လေလံတင်သွင်းလာသော ကမ်းလှမ်းမှုများကို အစိုးရကိုယ်စားလက်ခံရန် ဆောင်ရွက်ပိုင်ခွင့်ရှိသည့် တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်ခြင်း၊

(စ) အစိုးရငွေချေးသက်သေခံလက်မှတ်များကို လေလံတင်ခြင်း မဟုတ်သော အခြားနည်းဖြင့် ထုတ်ဝေရောင်းချမည်ဆိုပါက ရောင်းချမည့် နည်းလမ်းနှင့်ပတ်သက်သည့် စည်းကမ်းချက်များအတွက် ဝန်ကြီး၏ အတည်ပြုချက်ကိုကြိုတင်ရယူခြင်း။

(၃၈) အပိုဒ် ၁၆ ကို အပိုဒ် ၁၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၁၇။ အစိုးရငွေချေးသက်သေခံလက်မှတ်များအား ပြည်ပတွင် ထုတ်ဝေရောင်းချ၍ ငွေချေးယူခြင်းကို အောက်ပါအတိုင်းဆောင်ရွက်ရမည်-

**မူကြမ်း**

(က) အစိုးရအဖွဲ့သည် ပြည်ပတွင် အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းဖြင့် ငွေချေးယူခြင်းကိစ္စကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရရှိပြီးမှ ဆောင်ရွက်ခြင်း၊

(ခ) ဝန်ကြီးသည် ထုတ်ဝေမည့် အစိုးရငွေချေး သက်သေခံလက်မှတ်အမျိုးအစား၊ သက်တမ်း၊ ပမာဏ၊ ကုန်ကျနိုင်သည့်စရိတ်၊ တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိရောင်းချသူများ ခန့်အပ်ခြင်းနှင့် ဈေးကွက်အခြေအနေများအပါအဝင် ထုတ်ဝေရောင်းချမှု၏ အခြေအနေအရပ်ရပ်ကို အတည်ပြုခြင်း၊

(ဂ) ဝန်ကြီးသည်အစိုးရငွေချေး သက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းအတွက် လိုအပ်သောဘဏ္ဍာရေးနှင့် ငွေပေးချေရေးကိုယ်စားလှယ်များ၊ဥပဒေဆိုင်ရာ ကိုယ်စားလှယ်များနှင့် အခြားကိုယ်စားလှယ်အဖွဲ့များ ခန့်အပ်ခြင်းကို အတည်ပြုခြင်း၊

(ဃ) ဝန်ကြီးသည် အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းနှင့်စပ်လျဉ်းသော စာချုပ်များကိုကိုယ်တိုင် လက်မှတ်ရေးထိုးခြင်းသို့မဟုတ် ၎င်း၏ကိုယ်စားလှယ်ခန့်အပ်၍ လက်မှတ်ရေးထိုးစေခြင်းတို့ကိုဆောင်ရွက်ခြင်း၊

(၃၉) အပိုဒ် ၁၇ ကို အပိုဒ် ၁၈ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင်ပါရှိသော ဆောင်ရွက်ရာတွင်စကားရပ်ကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်ဟု ပြင်ဆင်ပါသည်။

(၄၀) အပိုဒ် ၁၇ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)နှင့် အပိုဒ်ခွဲ(ဃ)တို့ကို အပိုဒ် ၁၈ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲငယ်(၃)နှင့် အပိုဒ်ခွဲငယ်(၄) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(က)(၁) အစိုးရအဖွဲ့သည် ချေးငွေစာချုပ်များ ချုပ်ဆို၍ ငွေချေးယူခြင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

(၂) ဝန်ကြီးသည် အစိုးရအဖွဲ့ကိုယ်စား ချေးငွေစာချုပ် ဆွေးနွေးညှိနှိုင်းခြင်းနှင့် အပြီးသတ်သဘောတူခြင်းတို့ကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနှင့် ၎င်း၏တာဝန်ရှိပုဂ္ဂိုလ်များသို့ တာဝန်ပေးအပ်နိုင်သည်။

(၃) ဝန်ကြီးသည် အစိုးရနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခုသို့မဟုတ် ပြည်ပအစိုးရ သို့မဟုတ် အခြားမြို့ရှင်တို့အကြား ချေးငွေစာချုပ်များချုပ်ဆိုရန် စီစဉ်ဆောင်ရွက်ရာတွင် ၎င်းချေးငွေစာချုပ်၏စည်းကမ်းနှင့် သတ်မှတ်ချက်များကို အစိုးရအဖွဲ့က အတည်ပြုပြီးမှသာ ချေးငွေစာချုပ်ချုပ်ဆိုခြင်းကို ဆောင်ရွက်ရမည်။

(၄) ဝန်ကြီးသည် ချေးငွေစာချုပ်များနှင့် စပ်လျဉ်းသော စာရွက်စာတမ်းများကို လက်မှတ်ရေးထိုးခြင်း သို့မဟုတ် ၎င်း၏ကိုယ်စားကိုယ်စားလှယ်ခန့်အပ်၍ လက်မှတ်ရေးထိုးစေခြင်းတို့ကို ဆောင်ရွက်ရမည်။

(၄၁) အပိုဒ် ၁၈ ခြေဆင်းကို အပိုဒ် ၁၈ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ဝန်ကြီးသည်ချေးငွေများနှင့်စပ်လျဉ်း၍ ငွေချေးပေးသူ၏ သဘောတူညီချက်နှင့်အညီ ချေးငွေဆိုင်ရာ စည်းကမ်းနှင့်သတ်မှတ်ချက်များအပေါ် သဘောတူညီခဲ့ပါက အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်ဟု ပြင်ဆင်ပါသည်။

(၄၂) အပိုဒ် ၁၈ အပိုဒ်ခွဲ(ဂ) နှင့် အပိုဒ်ခွဲ(ဃ) ကို အပိုဒ် ၁၈ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၃)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲငယ်ကို ချေးယူငွေများအား ချေးငွေပုံစံတစ်မျိုးမှ အခြားတစ်မျိုးသို့ ပြောင်းလဲခြင်း သို့မဟုတ် ချေးငွေနှစ်ခု သို့မဟုတ်နှစ်ခုထက်ပိုသော ချေးငွေများကို ချေးငွေတစ်ခုတည်းအဖြစ် ပေါင်းစည်းခြင်းဟု ပြင်ဆင်ပါသည်။

(၄၃) အပိုဒ် ၁၉ ကို ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ရည်ရွယ်ချက်နှင့် အတည်ပြုထားသောမဟာဗျူဟာနှင့်အညီ ဝန်ကြီးသည် ချေးငွေဖွဲ့စည်းမှုစီမံခန့်ခွဲခြင်းလုပ်ငန်းစဉ်ဆောင်ရွက်နိုင်သည်။ အဆိုပါလုပ်ငန်းစဉ်သည် စည်းမျဉ်းစည်းကမ်းများအရ ဝန်ကြီးကအတည်ပြုထားသည့် လုပ်ငန်းဖြစ်ရမည်ဟု ပြင်ဆင်ပါသည်။

(၄၄) အခန်း(၆)၊ အခန်း(၇)နှင့် အခန်း(၈)တို့ကို အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

## အခန်း (၆)

## တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များက ငွေးချေးယူခြင်းနှင့် ကြွေးမြီစီမံခန့်ခွဲမှု

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဤဥပဒေပါ အပိုဒ်၁၈နှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များနှင့်သက်ဆိုင်သည့် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ငွေချေး ယူနိုင်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ ငွေချေးယူမှု အားလုံးအတွက် အစိုးရအဖွဲ့၏ခွင့်ပြုချက်နှင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြု ချက်တို့ကို ကြိုတင်ရယူရမည်။

၂၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ၎င်းတို့၏ ကြွေးမြီ လက်ကျန်အခြေအနေ၊ ချေးငွေအသစ်ရယူမှုအခြေအနေများကို သုံးလပတ် တစ်ကြိမ်ကုန်ဆုံးပြီး နောက်တစ်လအတွင်းဝန်ကြီးဌာနသို့ တင်ပြရမည်။ ဝန်ကြီး ဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ မည်သည့်ကြွေးမြီဆိုင်ရာ အခြားသတင်းအချက်အလက်များကိုမဆို ဝန်ကြီးကိုယ်စားစာဖြင့် ရေးသား တောင်းခံ နိုင်သည်။

## အခန်း (၇)

## စည်ပင်သာယာရေးအဖွဲ့များကငွေချေးယူခြင်းနှင့်ကြွေးမြီစီမံခန့်ခွဲမှု

၂၂။ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စည်ပင်သာယာရေးအဖွဲ့ဆိုင်ရာ အခြား ဥပဒေများ၊ နည်းဥပဒေများပါပြဋ္ဌာန်းချက်များနှင့်အညီ ငွေချေးယူနိုင်သည်။ စည်ပင် သာယာရေးအဖွဲ့များ၏ ငွေချေးယူမှုအားလုံးသည် အစိုးရအဖွဲ့၏ ခွင့်ပြုချက်နှင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်တို့ကို ကြိုတင်ရယူရမည်။

၂၃။ စည်ပင်သာယာရေးအဖွဲ့များသည် ၎င်းတို့၏ ကြွေးမြီလက်ကျန်အခြေအနေနှင့် ချေးငွေအသစ်ရယူမှုအခြေအနေများကို ဘဏ္ဍာရေးနှစ်သုံးလပတ်တစ်ကြိမ် ကုန်ဆုံး တိုင်းတစ်လအတွင်း ဝန်ကြီးဌာနသို့ တင်ပြရမည်။ ဝန်ကြီးဌာနသည် စည်ပင်သာယာ

ရေးအဖွဲ့များ၏ မည်သည့်ကြွေးမြီဆိုင်ရာ သတင်းအချက် အလက်များကို မဆို ဝန်ကြီးကိုယ်စား စာဖြင့်ရေးသားတောင်းခံနိုင်သည်။

**အခန်း(၈)**

**နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများကနိုင်ငံတော်ပိုင်**

**ဘဏ်များထံမှငွေချေးယူခြင်းနှင့်ကြွေးမြီစီမံခန့်ခွဲမှု**

၂၄။(က) နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများသည် ၎င်းတို့၏လုပ်ငန်းများကို ဆောင်ရွက်ရန် ကိုယ်ပိုင်ရန်ပုံငွေဖြင့် မလုံလောက်ပါက မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော နိုင်ငံတော်ပိုင်ဘဏ်များထံမှ ငွေချေးယူနိုင် သည်။

(ခ) ပုဒ်မခွဲ(က)အရ ငွေချေးယူသည့်ကိစ္စကို နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) ယင်းသို့ချေးယူလျှင် အစိုးရအဖွဲ့၏ ခွင့်ပြုချက်နှင့် ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်တို့ကို ကြိုတင်ရယူ ရမည်။

၂၅။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် နိုင်ငံပိုင်ဘဏ်များထံမှ ချေးယူထားသည့် ကြွေးမြီလက်ကျန်အခြေအနေနှင့် ချေးငွေအသစ်ရယူမှုအခြေအနေများကို ဘဏ္ဍာရေးနှစ်သုံးလပတ်တစ်ကြိမ် ကုန်ဆုံးတိုင်း တစ်လအတွင်း ဝန်ကြီးဌာနသို့တင်ပြရမည်။ ဝန်ကြီးဌာနသည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများ၏ နိုင်ငံပိုင်ဘဏ်များထံမှချေးယူသည့် မည်သည့်ကြွေးမြီဆိုင်ရာ သတင်းအချက်အလက်များကိုမဆို ဝန်ကြီးကိုယ်စား စာဖြင့်ရေးသားတောင်းခံ နိုင်သည်။

(၄၅) အခန်း(၅)ကို အခန်း(၉)အဖြစ် ပြင်ဆင်ပါသည်။

(၄၆) အခန်း(၅) အပိုဒ် ၂၀ ခြေဆင်းကို အခန်း(၉) အပိုဒ် ၂၆ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို ဝန်ကြီးသည် ဘဏ္ဍာရေးကော်မရှင်က ခွင့်ပြုထားသော ချေးငွေကိုဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသို့ ထုတ်ချေးခြင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေနှင့်အညီ

စည်ပင်သာယာရေးအဖွဲ့များ၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား ငွေထုတ်ချေးခြင်းတို့ကို နိုင်ငံတော်ကိုယ်စား ဆောင်ရွက်နိုင်သည်ဟု ပြင်ဆင်ပါသည်။

(၄၇) အပိုဒ် ၂၀ အပိုဒ်ခွဲ(က) နှင့် အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၂၇ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ် ၂၇ ခြေဆင်းကို ယင်းသို့ ထုတ်ချေးရာတွင်ဟု ဖြည့်စွက်ပါသည်။

(၄၈) အပိုဒ် ၂၁ ကို အပိုဒ် ၂၈ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခြေဆင်းကို ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအရဟု ပြင်ဆင်ပါသည်။

(၄၉) အပိုဒ် ၂၁ အပိုဒ်ခွဲ(က) ကို အပိုဒ် ၂၈ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင်ပါရှိသော ဘဏ္ဍာရေးဝန်ကြီးဌာနသည် နိုင်ငံတော်ကိုယ်စားပြည်ပမှ ငွေချေးယူနိုင်ပြီးစကားရပ်ကို ဝန်ကြီးဌာနသည် ဤဥပဒေ ပုဒ်မ ၁၈အရ နိုင်ငံတော်ကိုယ်စားပြည်ပမှချေးယူရရှိသည့်ငွေကိုဟုပြင်ဆင်ပါသည်။

(၅၀) အပိုဒ် ၂၁ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၂၈ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကိုယင်းထပ်ဆင့်ချေးငွေဆိုင်ရာ စည်းကမ်းနှင့် သတ်မှတ်ချက်များကို ဝန်ကြီးကသတ်မှတ်ပြီး အစိုးရအဖွဲ့၏သဘောတူညီချက်ရယူရမည်ဟု ပြင်ဆင်ပါသည်။

(၅၁) အပိုဒ် ၂၁ အပိုဒ်ခွဲ(ဂ) ကို အပိုဒ် ၂၈ အပိုဒ်ခွဲ(ဂ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကိုပုဒ်မ ၂၇ ပုဒ်မခွဲ(က)အရ ဝန်ကြီးသည် ထပ်ဆင့်ငွေထုတ်ချေးခြင်းနှင့်စပ်လျဉ်းသောစာချုပ်များ၊ စာရွက်စာတမ်းများကို ကိုယ်တိုင်လက်မှတ်ရေးထိုးခြင်း သို့မဟုတ်ကိုယ်စားလှယ်ခန့်အပ်၍ လက်မှတ်ရေးထိုးစေခြင်းတို့ကို ဆောင်ရွက်နိုင်သည်ဟုပြင်ဆင်ပါသည်။

(၅၂) အပိုဒ် ၂၂ ကို အပိုဒ် ၂၉ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို ဤအခန်းပါ ချေးငွေသို့မဟုတ် ထပ်ဆင့်ချေးငွေတစ်ရပ်ရပ်ကို သက်တမ်းတိုးမြှင့်ပေးခြင်းမပြုမီဤသို့ချေးငွေသက်တမ်းတိုးမြှင့် ပေးခြင်းကြောင့် ပေါ်ပေါက်မည့် ချေးငွေလက်ကျန်အပေါ်ဆုံးရှုံးနိုင်ခြေကို ဝန်ကြီးဌာနက ဆန်းစစ်သုံးသပ်ရမည်ဟု ပြင်ဆင်ပါသည်။

(၅၃) အခန်း(၆)ကို အခန်း(၁၀)အဖြစ် ပြင်ဆင်ပါသည်။

(၅၄) အခန်း(၆) အပိုဒ် ၂၃ ကို အခန်း(၁၀) အပိုဒ် ၃၀ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**မူကြမ်း**

၃၀။ ဝန်ကြီးသည် -

(က) မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း သို့မဟုတ် စီမံကိန်းကိုမဆို ချေးငွေအတွက် အာမခံချက် သို့မဟုတ် အာမခံသဘော သက်ရောက်သော အခြားပုံစံများကို အစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ထုတ်ပေးနိုင်သည်။

(ခ) နိုင်ငံတော်၏ အာမခံချက်နှင့်စပ်လျဉ်းသည့် သဘောတူညီချက်ကို ကိုယ်တိုင်လက်မှတ်ရေးထိုးခြင်း သို့မဟုတ် ကိုယ်စားလှယ်ခန့်အပ်၍ လက်မှတ်ရေးထိုးစေခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(၅၅) အပိုဒ် ၂၄ ကို အပိုဒ် ၃၁ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို ဤအခန်းအရ နိုင်ငံတော်၏ အာမခံချက်ကို ထုတ်ပေးခြင်းမပြုမီနှင့် အာမခံသက်တမ်းတစ်လျှောက် ထိုအာမခံချက်ထုတ်ပေးခြင်းကြောင့် အစိုးရ၏ ဆုံးရှုံးနိုင်ခြေကို ဝန်ကြီးဌာနက သုံးသပ်ရမည်။ နိုင်ငံခြားငွေဖြင့် အာမခံချက်ထုတ်ပေးရန် ကိစ္စရပ်များတွင် လိုအပ်ပါက မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ညှိနှိုင်းမှုပြုနိုင် သည်ဟု ပြင်ဆင်ပါသည်။

(၅၆) အပိုဒ် ၂၅ ကို အပိုဒ် ၃၂ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်တွင်ပါရှိသော ချေးငွေရယူသူသည်စကားရပ်ကို ငွေချေးယူသူသည်ဟု ပြင်ဆင်ပါသည်။

(၅၇) အပိုဒ် ၂၆ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၃၃။ ဝန်ကြီးသည်အောက်ပါကိစ္စရပ်အတွက် စိုက်ထုတ်ကုန်ကျငွေကို နိုင်ငံတော်၏ အာမခံချက်ဖြင့် ငွေချေးယူသူထံမှ ပြန်လည်ဖြည့်တင်းစေခြင်း သို့မဟုတ် ထုတ်ပေးစေခြင်းပြုရန် တောင်းခံနိုင်ခွင့်ရှိသည်-

(က) အာမခံချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အစိုးရကထုတ်ပေးရသည့် ငွေကြေးအားလုံး၊

(ခ) အာမခံချက်နှင့် ဆက်စပ်၍ အစိုးရကကျခံခဲ့သော အသုံးစရိတ်များအားလုံး၊

(ဂ) အာမခံချက်ကို ဖြည့်ဆည်းပေးရန် အစိုးရက ထုတ်ပေးရသည့် ငွေကြေးအားလုံးအပေါ် အတိုး။

(၅၈) မူလအခန်း(၇)၊ အခန်း(၈)၊ အခန်း(၉) နှင့် အခန်း(၁၀)တို့ကို ပယ်ဖျက်ပါသည်။

**မူကြမ်း**

(၅၉) အခန်း(၁၁) အပိုဒ် ၃၅ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၃၄။ ဝန်ကြီးဌာနသည်-

(က) ပြည်သူ့ကြွေးမြီများ၊ငွေထုတ်ချေးခြင်း၊ ထပ်ဆင့်ငွေထုတ်ချေးခြင်း၊ အာမခံချက်များနှင့် ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော ငွေရေးကြေးရေး ဆောင်ရွက်ချက်များအားလုံးကို ရသုံးခန့်မှန်းခြေငွေစာရင်း ခေါင်းစဉ်အမျိုးအစားများ၊ စာရင်းအမျိုးအစားများနှင့်အညီ မှတ်တမ်းတင်ထားရှိရမည်။ ပြည်သူ့ကြွေးမြီနှင့်သက်ဆိုင်သော ငွေရေးကြေးရေး ဆောင်ရွက်ချက်အားလုံးအတွက် စာရင်းမှတ်တမ်း များအား ဝန်ကြီးဌာနက ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေများနှင့်အညီ ထားရှိရမည်။

(ခ) ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုအတွက် ငွေစာရင်းများ ထိန်းသိမ်းရာတွင် မြန်မာနိုင်ငံ ငွေရေးကြေးရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံတင်ပြမှု စံသတ်မှတ်ချက်များကို လိုက်နာကျင့်သုံးရမည်။

(၆၀) အပိုဒ် ၃၆ အပိုဒ် ၃၅ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ၎င်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေး အဖွဲ့များနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲပြုစုရာတွင် ၎င်းတို့၏ ချေးငွေထုတ်ယူသုံးစွဲခြင်းနှင့် ကြွေးမြီပေးဆပ်ခြင်းများနှင့်စပ်လျဉ်း၍ နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲရေးအတွက် ထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ ခန့်မှန်းတွက်ချက်ပြီး ၎င်းတို့၏ ရသုံးမှန်းခြေ ငွေစာရင်းများတွင် ထည့်သွင်းလျာထားကာ သက်ဆိုင်ရာ လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူရမည်ဟု ပြင်ဆင်ပါသည်။

(၆၁) အပိုဒ် ၃၇ ကို အပိုဒ် ၃၆ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို ဘဏ္ဍာရေးဝန်ကြီးဌာနသည် အစိုးရကြွေးမြီပေးဆပ်မှု အသုံးစရိတ် ခန့်မှန်းခြေများကို သက်ဆိုင်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေများတွင် ထည့်သွင်း

လျှာထားမှုမပြုနိုင်ခဲ့ခြင်း သို့မဟုတ် လျှာထားချက် လုံလောက်မှုမရှိခြင်းစသည့် ကိစ္စရပ်များတွင် ယင်းချေးယူငွေများအပေါ် အရင်း၊ အတိုးနှင့် ငွေချေးယူမှုနှင့် အခြားကုန်ကျစရိတ်များကို အပြည့်အဝ အချိန်မီပေးဆပ်နိုင်ရေးအတွက် တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ နှောင့်နှေးမှုမရှိစေဘဲ ဆောင်ရွက်ရမည်ဟု ပြင်ဆင်ပါသည်။

(၆၂) အပိုဒ် ၃၈ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၃၇။ ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် ခြောက်လထက် နောက်မကျသည့် ကာလအတွင်း ဝန်ကြီးသည် အစိုးရကြွေးမြီစီမံခန့်ခွဲမှု ဆောင်ရွက်ချက်များ၊ အစိုးရ၏ အာမခံချက်များနှင့်အစိုးရမှ ငွေထုတ်ချေးခြင်းများနှင့်စပ်လျဉ်းသည့် နှစ်ပတ်လည်အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။ ဝန်ကြီး၏ နှစ်ပတ်လည်အစီရင်ခံစာတွင် အောက်ပါအတို့ကို ထည့်သွင်းဖော်ပြရမည်-

(က) ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာဆိုင်ရာ ရည်ရွယ်ချက်နှင့် အခြေခံသဘောတရားများ၊

(ခ) ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာဆိုင်ရာ ရည်ရွယ်ချက်များ အောင်မြင်စေရန် အထောက်အကူပြုခဲ့သည့် ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာ သတင်းအချက်အလက်များနှင့် ယင်းသတင်းအချက်အလက်များကို အသုံးပြု၍ ဘဏ္ဍာရေးနှစ်အတွင်း ကြွေးမြီစီမံဆောင်ရွက်မှု အခြေ အနေများ၊

(ဂ) သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်းချုပ်ဆိုသည့် ငွေချေးစာချုပ်အသစ်များ၏ စည်းကမ်းသတ်မှတ်ချက်များ၊

(ဃ) ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ၎င်း၏ လက်အောက်ခံအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေး အဖွဲ့များနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက ချေးယူထားသော ကြွေးမြီလက်ကျန်စုစုပေါင်း၊

(င) ပေးချေရန် ပျက်ကွက်နိုင်ဖွယ်ရှိသည့် အခြေအနေများကို ချေးငွေ အမျိုးအစားအလိုက် သတ်မှတ်ဖော်ပြမှုပါဝင်သည့် ထုတ်ချေးငွေနှင့် ထပ်ဆင့်ချေးငွေများ အားလုံး၏စာရင်း၊

(စ) နိုင်ငံတော်က အာမခံပေးထားသော အာမခံချက်များအားလုံး၏ စာရင်း။

(၆၃) အပိုဒ် ၃၉ ကို အပိုဒ် ၃၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၃၈။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည်-

(က) ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေနှင့်အညီ အစိုးရ၏ကြွေးမြီနှင့် စပ်လျဉ်းသော ဆောင်ရွက်ချက်များကို ထိရောက်စွာ ဆောင်ရွက်မှုရှိ မရှိနှင့် ကြပ်မတ်ကွပ်ကဲမှု ရှိ/မရှိကို နှစ်စဉ်စစ်ဆေး ဆောင်ရွက်ရမည်။

(ခ) စာရင်းစစ် အစီရင်ခံစာနှင့် စာရင်းစစ်ဆေးတွေ့ရှိချက်များကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ တစ်ပြိုင်တည်း အစီရင်ခံတင်ပြရမည်။

(၆၄) အပိုဒ် ၃၉ အပိုဒ်ခွဲ(ဂ)ကို ပယ်ဖျက်ပါသည်။

(၆၅) အခန်း(၁၂) အပိုဒ် ၄၁ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၄၀ အပိုဒ်ခွဲ(ဂ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသောဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် ပြည်သူ့ကြွေးမြီနှင့် အများ ပြည်သူနှင့် သက်ဆိုင်သော အာမခံဖြင့်ရယူထားသည့်စကားရပ်ကို နိုင်ငံတော်၏ အာမခံချက်ရှိသည့်ဟု ပြင်ဆင်ပါသည်။

(၆၆) အပိုဒ် ၄၁ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၄၀ အပိုဒ်ခွဲ(ဃ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ဤဥပဒေနှင့် အစိုးရကြွေးမြီအတွက် ကာလလတ်ကြွေးမြီ စီမံခန့်ခွဲမှုမဟာဗျူဟာ တို့နှင့်အညီ ကြွေးမြီကိုစီမံခန့်ခွဲရန်ဟု ပြင်ဆင်ပါသည်။

(၆၇) အပိုဒ် ၄၁ အပိုဒ်ခွဲ(ဇ)ကို အပိုဒ် ၄၀ အပိုဒ်ခွဲ(ဇ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော အစိုးရ၏ စကားရပ်ကို နိုင်ငံတော်၏ဟု ပြင်ဆင်ပါသည်။

(၆၈) အပိုဒ် ၄၁ အပိုဒ်ခွဲ(ဈ)ကို အပိုဒ် ၄၀ အပိုဒ်ခွဲ(ဈ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို နိုင်ငံတော်၏ အာမခံချက်များကို ဖြည့်ဆည်းရန် အစိုးရက ကျခံသုံးစွဲခဲ့သော

အတိုးငွေနှင့် အခြားအသုံးစရိတ်များအပါအဝင် ငွေပေးချေမှုများအားလုံးကို အရကောက်ခံရန်ဟု ပြင်ဆင်ပါသည်။

(၆၉) အပိုဒ် ၄၁ အပိုဒ်ခွဲ(ည)ကို အပိုဒ် ၄၀ အပိုဒ်ခွဲ(ည)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင်ပါရှိသော ပြုစုတင်ပြရန် စကားရပ်ကို တင်ပြရန်ဟု ပြင်ဆင်ပါသည်။

(၇၀) အပိုဒ် ၄၁ အပိုဒ်ခွဲ(ဋ)ကို အပိုဒ် ၄၀ အပိုဒ်ခွဲ(ဋ) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ကြွေးမြီဆိုင်ရာ အခြေအနေများကို အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရန်နှင့် ကြွေးမြီအခြေအနေကို စောင့်ကြပ်ကြည့်ရှုရန်ဟု ပြင်ဆင်ပါသည်။

(၇၁) အပိုဒ် ၄၁ အပိုဒ်ခွဲ(ဌ)ကို အပိုဒ် ၄၀ အပိုဒ်ခွဲ(ဌ) အဖြစ် ပြင်ဆင်ပြီးယင်းအပိုဒ်ခွဲကို အစိုးရကြွေးမြီလက်ကျန်များ၊ နိုင်ငံတော်၏ အာမခံချက်များနှင့် အစိုးရ၏ ထုတ်ချေးငွေများကို လျော်ကန်သော ကြွေးမြီမှတ်တမ်းနှင့် စီမံခန့်ခွဲမှုစနစ် တစ်ရပ်ဖြင့် ပြည့်စုံပြီး မှန်ကန်သည့် မှတ်တမ်းများကို အချိန်အခါအလိုက် ထားရှိရန်ဟု ပြင်ဆင်ပါသည်။

(၇၂) အပိုဒ် ၄၁ အပိုဒ်ခွဲ(ဍ)ကို အပိုဒ် ၄၀ အပိုဒ်ခွဲ(ဍ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော ပြည်သူ့ကြွေးမြီ စကားရပ်ကို အစိုးရကြွေးမြီ ဟု ပြင်ဆင်ပါသည်။

(၇၃) အပိုဒ် ၄၁ အပိုဒ်ခွဲ(ဎ)ကို အပိုဒ် ၄၀ အပိုဒ်ခွဲ(ဎ) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို သက်ဆိုင်သည့် ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေများတွင် သက်ဆိုင်သည့် ကြွေးမြီပေးဆပ်မှုနှင့် ချေးငွေထုတ်ယူသုံးစွဲမှုများကို လျာထားမှုပြုစုရန်ဟု ပြင်ဆင်ပါသည်။

(၇၄) အပိုဒ် ၄၁ အပိုဒ်ခွဲ(ဏ)ကို အပိုဒ် ၄၀ အပိုဒ်ခွဲ(ဏ) အဖြစ် ပြင်ဆင်ပြီး ယင်း အပိုဒ်ခွဲကို ချေးငွေစာချုပ်များနှင့် ကြွေးမြီစီမံခန့်ခွဲမှုမှတ်တမ်းများကို လုံခြုံစိတ်ချသော နေရာတွင် စနစ်တကျ သိမ်းဆည်းထားရှိရန်ဟု ပြင်ဆင်ပါသည်။

(၇၅) အပိုဒ် ၄၁ အပိုဒ်ခွဲ(တ)ကို အပိုဒ် ၄၀ အပိုဒ်ခွဲ(တ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို အစိုးရအဖွဲ့က စာချုပ်ချုပ်ဆို ချေးယူထားသော ချေးငွေများကို မှတ်တမ်းတင်ထားရှိရန်ဟု ပြင်ဆင်ပါသည်။

(၇၆) အပိုဒ် ၄၁ အပိုဒ်ခွဲ(ထ)ကို အပိုဒ် ၄၀ အပိုဒ်ခွဲ(ထ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို နိုင်ငံတကာ ငွေရေးကြေးရေးအဖွဲ့အစည်းများထံ ထည့်ဝင်ရမည့် အစုရှယ်ယာအတွက် ပေးချေခြင်းနှင့် စုစုပေါင်းထည့်ဝင်ပြီးငွေများကို မှတ်တမ်းထားရှိရန်ဟု ပြင်ဆင်ပါသည်။

(၇၇) အပိုဒ် ၄၁ အပိုဒ်ခွဲ(ဒ)ကို အပိုဒ် ၄၀ အပိုဒ်ခွဲ(ဒ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို အစိုးရအဖွဲ့၏ချေးငွေ ရယူသုံးစွဲမှုများကိုနှစ်ဖက် သဘောတူထားသော ချေးငွေရယူသုံးစွဲရေး အချိန်ဇယားနှင့်အညီ ကြီးကြပ်ကွပ်ကဲရန်ဟု ပြင်ဆင်ပါသည်။

(၇၈) အပိုဒ် ၄၁ အပိုဒ်ခွဲ(ဓ)ကို အပိုဒ် ၄၀ အပိုဒ်ခွဲ(ဓ) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ကြွေးမြီပျက်ကွက်မှုများနှင့် အခြားပေးရန်တာဝန်များကို ငွေရေးကြေးရေးပိုင်ဆိုင်ခွင့်များ အစားထိုးထုတ်ပေးခြင်းဖြင့် ရှင်းလင်းဆောင်ရွက်သည့် ကိစ္စရပ်များတွင် လျော်ကန်သည်ဟုယူဆသည့် ငွေရေးကြေးရေးပိုင်ဆိုင်ခွင့်များ ထုတ်ပေးရန်အတွက် ပြင်ဆင်ရန်ဟုပြင်ဆင်ပါသည်။

(၇၉) အပိုဒ် ၄၁ အပိုဒ်ခွဲ(န)ကို အပိုဒ် ၄၀ အပိုဒ်ခွဲ(န) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ဝန်ကြီးကဆုံးဖြတ်သည့် ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဆိုင်ရာ အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဟု ပြင်ဆင်ပါသည်။

(၈၀) အခန်း (၁၃) အပိုဒ် ၄၂ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၄၁ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော ပုဒ်မ ၆ စကားရပ်ကို ပုဒ်မ ၃ ဟု ပြင်ဆင်ပါသည်။

(၈၁) အပိုဒ် ၄၂ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၄၁ အပိုဒ်ခွဲ(ဃ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ပုဒ်မ ၂၁၊ ၂၃ နှင့် ၂၅ တို့နှင့်အညီ ဝန်ကြီးဌာနသို့ပေးပို့ရမည့် သတင်းအချက်အလက်များတင်ပြရန် ပျက်ကွက်ခြင်းဟု ပြင်ဆင်ပါသည်။

(၈၂) အခန်း (၁၄) အပိုဒ် ၄၃ ကို အပိုဒ် ၄၂ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပါရှိသော ပုဒ်မ ၄၂ ပါ စကားရပ်ကို ပုဒ်မ ၄၁ ပါဟု ပြင်ဆင်ပါသည်။

မူကြမ်း

(၈၃) အပိုဒ် ၄၄ ကို အပိုဒ် ၄၃ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပါရှိသော ပုဒ်မ ၁၄၊ ၁၅၊ ၁၆တို့နှင့်အညီ စကားရပ်ကို ပုဒ်မ ၁၆ နှင့်အညီဟု ပြင်ဆင်ပါသည်။

(၈၄) အပိုဒ် ၄၅ အပိုဒ်ခွဲ(က)ကို အပိုဒ် ၄၄ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင်ပါရှိသော စည်းမျဉ်းစည်းကမ်းများစကားရပ်ကို စည်းမျဉ်းနှင့်စည်းကမ်းများဟု ပြင်ဆင်ပါသည်။

(၈၅) အပိုဒ် ၄၅ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၄၄ အပိုဒ်ခွဲ(ခ) အဖြစ် ပြင်ဆင်ပြီးယင်းအပိုဒ်ခွဲကို ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ပါသည်။

(၈၆) အပိုဒ် ၄၆ ကို အပိုဒ် ၄၅ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို အစိုးရငွေချေးသက်သေခံလက်မှတ်များ အားလုံးကို Scripless ဖြင့် ထုတ်ဝေရောင်းချသည့်အခါ The Government Securities Act (INDIA ACT X, 1920, Vol III)ကို ဤဥပဒေဖြင့် ရုပ်သိမ်းရမည်ဟု ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီးနည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ တင်ပြအစီရင်ခံအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါသည်။

**ဘဏ္ဍာရေး ဝန်ကြီးဌာနက တင်သွင်းသည့် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၃-၁၂-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းနိုင်ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြခြင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့တဲ့ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ပထမ အကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ဖြစ်သော ၂၄-၁၁-၂၀၁၅ ရက်နေ့တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၃၊ နည်းဥပဒေခွဲ (က)အရ လွှတ်တော်သို့အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးခဲ့ပြီး ဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အာမခံလုပ်ငန်းလုပ်ပိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် ၁ ချက်နဲ့ စပ်လျဉ်း၍ သဘောကွဲလွဲကြောင်း တင်ပြလာပါတယ်။ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သဘောကွဲလွဲချက် ၁ ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ဥပဒေကြမ်းကော်မတီကိုယ်စား အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြချက်များကို လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြသွားမှာဖြစ်ပါတယ်။ ဘဏ္ဍာရေးဝန်ကြီးဌာနကတင်သွင်းသော အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကြမ်း

ကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၇)ရက်မြောက်နေ့ ဖြစ်သည့် ၁၆-၇-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်မရှိအတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ၁၉-၁၁-၂၀၁၅ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ဆွေးနွေးပြီး ပြည်သူ့ လွှတ်တော်၏အတည်ပြုချက်များအပေါ် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း ပြည်သူ့ လွှတ်တော်သို့ပြန်လည်ပေးပို့လာခဲ့ပါတယ်။ ယင်းဥပဒေကြမ်းအား ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ဖြစ်သည့် ၂၄-၁၁-၂၀၁၅ ရက်နေ့တွင် လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၃၀-၁၁-၂၀၁၅ ရက်နေ့နောက်ဆုံးထား၍ တင်သွင်းနိုင် ကြောင်းကြေညာခဲ့သော်လည်း ပြင်ဆင်ချက်အဆိုတင်သွင်းလာခြင်းမရှိခဲ့ပါ။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၃၀-၁၁-၂၀၁၅ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါ တယ်။ အဆိုပါ ညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်၏ ပြင်ဆင် ချက်အတိုင်းသဘောမတူဘဲ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့၏ သဘောထားကွဲလွဲ သည့်အပိုဒ် ၅ ကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ၎င်းအပိုဒ်အား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်တစ်ချက်ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း သဘောမတူကြောင်း ဥပဒေကြမ်းကော်မတီရဲ့ တင်ပြ ချက်ကို အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး သဘောကွဲလွဲချက် (၁)ချက်အား အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောမတူကြောင်းတင်ပြခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ် တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်(၁)ချက်ကို လွှတ်တော်က သဘောမတူကြောင်း အတည်ပြုပြီးဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး နှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ် မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ ကိုပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲတဲ့တစ်ချက်အား ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ပါ ကြောင်းအဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်တစ်ဦးကိုဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(ကျိုင်းတုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး နှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲတဲ့တစ်ချက်ကို ပြည်ထောင်စုလွှတ်တော်တွင် တင်ပြဆွေးနွေးဆုံးဖြတ်ရန် တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေရဲ့ အဆိုတင်သွင်းခြင်းကို ကျိုင်းတုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးစတီဖန်က ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ အချက်တစ်ချက်နှင့် ပတ်သက်၍သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြ

သင့်ကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ပြန်လည်ဆွေးနွေးခဲ့ရာတွင် သဘောကွဲလွဲချက်သည့် အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်တစ်ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)နှင့်(ခ)တို့အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၈ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့တဲ့ ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ဖြစ်သော ၂၄-၁၁-၂၀၁၅ ရက်နေ့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကို လည်းကိုယ်စားလှယ်များထံ ဖြန့်ဝေပေးခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် အချက် ၄ ချက်ကို သဘောတူသင့်ကြောင်းနှင့် ၁ ချက်နှင့် စပ်လျဉ်းပြီး သဘောကွဲလွဲကြောင်း တင်ပြလာပါတယ်။ ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် ၄ ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဘဏ္ဍာရေးဝန်ကြီးဌာနက တင်သွင်းသော ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၇) ရက်မြောက်နေ့ဖြစ်သော ၁၆-၇-၂၀၁၅ ရက်နေ့တွင် ပြင်ချက်မရှိ အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ၁၉-၁၁-၂၀၁၅ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်များအပေါ် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းအား ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ဖြစ်သည့် ၂၄-၁၁-၂၀၁၅ ရက်နေ့တွင် လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၃၀-၁၁-၂၀၁၅ ရက်နေ့နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ပြင်ဆင်ချက်အဆိုတင်သွင်းလာခြင်း မရှိပါ။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ၃၀-၁၁-၂၀၁၅ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ယင်းညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များဖြစ်သည့် အပိုဒ် ၃၊ အပိုဒ် ၄၊ အပိုဒ် ၆ နှင့် အပိုဒ် ၈ တို့ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့ ပြင်ဆင်ချက် ၄ ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့အချက် ၄ ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူကြောင်းနှင့် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် သဘောကွဲလွဲချက် အချက် (၁) ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ၃၀-၁၁-၂၀၁၅ ရက်နေ့ ညှိနှိုင်းအစည်းအဝေး သဘောတူဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ သဘောထားကွဲလွဲသည့် အပိုဒ် ၉ ကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါ၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောကွဲလွဲချက် (၁)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါသည်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် အချက်(၁) ချက်ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း သဘောမတူကြောင်း ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး သဘောကွဲလွဲချက် အချက်(၁) ချက်အား အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောမတူကြောင်းတင်ပြခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များမှ အချက်(၁)ချက်ကို လွှတ်တော်က သဘောမတူကြောင်း အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးသိန်းထွန်းဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်မှ ပေးပို့လာသည့် ပြင်ဆင်ချက်များအနက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ သဘောထားကွဲလွဲသည့် ငွေစုဘဏ်လုပ်ငန်းကို ပြင်ဆင်သည့်ဥပဒေကြမ်း၏ အပိုဒ် ၉ ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်တင်ပြသင့်ပါကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၅၊ နည်းဥပဒေခွဲ(က) အရ လွှတ်တော်သို့ လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲတဲ့ ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရန်အဆိုအား ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ အချက် ၁ ချက်နှင့် ပတ်သက်၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်

ကြောင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ရဲ့သဘောထားကို ရယူပါမယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့သော ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ပြန်လည်ဆွေးနွေးခဲ့ရာတွင် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောကွဲလွဲတဲ့ အချက် ၁ ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၅၊ နည်းဥပဒေခွဲ(က)နှင့်(ခ)တို့အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၁း၃၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**